# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၂၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး တစ်ပါးဖြစ်သော His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry အား ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ သံဃရာဇာဆရာတော်ကြီးနှင့် အဖွဲ့ဝင်များအား ဖူးမြော်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံသို့ ဘုရားဖူးခရီးစဉ် ရောက်ရှိပြီး နေပြည်တော်ရှိ KMA Hotel ၌ ခေတ္တသီတင်းသုံးတော်မူလျက်ရှိသည့် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး တစ်ပါးဖြစ်သော His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry ဦးဆောင်သည့် ဆရာတော်၊ သံဃာတော်များအား ယနေ့ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ သွားရောက်ဖူးမြော်ကြည်ညိုသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❂*


**ယနေ့** *ဖတ် စ ရာ*

**အကြမ်းဖက်ဖြစ်စဉ်များကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာနေကြသည့် ပြည်သူများအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သွားမည်**

ပြည်တွင်းသတင်း စာ ၄

**အတူတကွထာဝရရှင်သန်ရမည့် ပြည်ထောင်စုစိတ်ဓာတ်အားမာန်ဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ကြရမည့်အချိန်**

ဆောင်းပါး စာ ၆

# ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေး ပြည်ထောင်စုသားတို့အားဖြင့် ဝိုင်းဝန်းဆောင်ရွက်

မြန်မာနိုင်ငံ၏ သမိုင်းသည် နှစ်ပေါင်းထောင်ချီ၍ ရှည်ကြာပြီဖြစ်ပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားတို့ အတူတကွနေထိုင်ခဲ့ကြသည် မှာလည်း သမိုင်းနှင့်အမျှပင်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀ မှစတင်ကာ မြန်မာ့ပိုင်နက်တို့ကို နယ်ချဲ့တို့က တစ်ပိုင်းပြီးတစ်ပိုင်း သိမ်းယူသွားခဲ့ရာမှ မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် တောင်ပေါ်မြေပြန့် မကျန် တစ်နိုင်ငံလုံး လွတ်လပ်ရေးအတွက် တိုင်းရင်းသားပြည်သူ များ၏ စည်းလုံးညီညွတ်မှုကို ကမ္ဘာသိ ထင်ရှားထုတ်ဖော် ပြသခဲ့ရာ သမိုင်းဝင် ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာရသည်။

ယခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျရောက်မည့် ပြည်ထောင်စုနေ့သည် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပြီး မိမိတို့နိုင်ငံ လွတ်လပ်ရေးရယူနိုင်ခဲ့သည်မှာ ၇၇ နှစ် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကိုလိုနီဘဝ ကျရောက်ခဲ့ဖူးသည့် နိုင်ငံ တိုင်း ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကြပြီး နယ်ချဲ့စနစ်၏ ဆိုးမွေကို ဖယ်ရှားနိုင်သည့် နိုင်ငံတို့မှာ ဖွံ့ဖြိုးတိုးတက်သည့် အခြေအနေကို ရရှိကြသည်။ မိမိတို့နိုင်ငံတွင် နယ်ချဲ့စနစ်၏ ဆိုးမွေဖြစ်သော သွေးခွဲအုပ်ချုပ်ခဲ့မှု၏ အကျိုးဆက်ကို ယနေ့တိုင် မဖယ်ရှားနိုင်ခြင်း ကြောင့် သဘောထားကွဲလွဲမှုများနှင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိသည်။ သို့ရာတွင် အပြုသဘောဆောင်သော အလင်း ဘက်ခြမ်းတွင် "ငါတို့အားလုံး မြန်မာ" ဟူသော ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းရင်းသားပြည်သူအားလုံး၏ စိတ်နှလုံးတွင် ကိန်းဝပ်ရှင်သန်နေခြင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အစွန့်ရှည်တည်တံ့နေစေသည်။ သည့်ထက်မက ပြည်ထောင်စု စိတ်ဓာတ်သည် နိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ကြကုန်သော အရွယ် သုံးပါး ပြည်သူအားလုံးတွင် စွဲမြဲစွာ ရှင်သန်ထွန်းကားသည့်နေ့၊ နိုင်ငံသူ နိုင်ငံသားအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းလုံး ညီညွတ်သည့် အနာဂတ်တစ်နေ့တွင် မိမိတို့နိုင်ငံလည်း ကမ္ဘာ့ အလယ်၌ ခေါင်းမော့ဝင့်ကြွားနိုင်မည်မှာ ဧကန်မလွဲပင်ဖြစ်သည်။

လက်ရှိကာလတွင်မူ မိမိတို့နိုင်ငံမှာ တည်ငြိမ်အေးချမ်းရေး အတွက် ရုန်းကန်ကြိုးပမ်းနေရဆဲအချိန်ဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မြို့၊ ရွာများကို အကြမ်းဖက်တိုက်ခိုက်ခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်များကို ဖျက်ဆီးခြင်း၊ လုယက်ခြင်းများ ကြောင့် ပြည်တွင်းရှိ နယ်မြေဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားလျက်ရှိသကဲ့သို့ ယင်းအခြေအနေကို အခွင့်ကောင်းယူကာ "တောမီးလောင်၍ တောကြောင် လက်ခမောင်းခတ်" ဟူသည့် အတိုင်း တိုင်းရင်းသားလက်နက်ကိုင်အချို့ကလည်း နယ်မြေချဲ့ထွင် နိုင်အောင် ကြိုးပမ်းနေကြသည်။ လူမျိုးရေးအရလည်း မုန်းတီး အောင် ဝါဒဖြန့်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခွဲခြားဆက်ဆံ ညှဉ်းပန်းနှိပ်စက် ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ ပြည်ပြေး ပြည်ဖျက် မီဒီယာများကလည်း နိုင်ငံနှင့် ပြည်သူအကျိုး ပျက်စီးစေရေးအတွက် အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများနှင့် ပူးပေါင်းကာ မဟုတ်မမှန် သတင်းများ ထုတ်လွှင့်ဝါဒဖြန့်လျက်ရှိကြသည်။

ဒေသအတွင်း ဒေသခံအကြမ်းဖက်သမားများ ရှိနေသရွေ့ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ သည့်ဒဏ်ကို ဒေသခံပြည်သူတို့သာ ခံစားကြရမည်ဖြစ်သည်။ ဒေသအတွင်း လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုတို့ ကင်းစင်မှသာ ဒေသတည်ငြိမ်အေးချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်လာ နိုင်မည်ဖြစ်ရာ မိမိတို့ဒေသများ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက် ရာတွင် ဒေသခံပြည်သူများ၏ စုပေါင်းအားဖြင့် ပူးပေါင်းပါဝင်ကြရန် လိုသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဟူသည့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ်ကို အကောင်အထည်ဖော်လျက်ရှိရာ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ကိုလည်း မဖြစ်မနေ ကျင်းပပေးသွားမည် ဖြစ်သည်။

စည်းစနစ်ကျန၍ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ဖြစ်ပေါ်လာရေး၊ သိက္ခာရှိသော ရွေးကောက်ပွဲဖြစ်ရေး၊ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူအားလုံး ဖြစ်နိုင်သမျှ မကျန်ရှိစေရေးအတွက် လိုအပ် သော အခင်းအကျင်းမှာ နယ်မြေဒေသများအလိုက် တည်ငြိမ် အေးချမ်းရေးနှင့် လုံခြုံရေးဖြစ်ရာ မြန်မာတိုင်းရင်းသားအားလုံးတို့၏ ပြည်ထောင်စုကြီး စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ အမြန်ဆုံးပြန်လည်ရောက်ရှိရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင် ဖော်ဆောင် ကြရပါမည့်အကြောင်း။ ။



## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော် အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




## ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

## ၄ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၄၆၀၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးထံ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ပုံစံတူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ် ဆက်ကပ်လှူဒါန်းစဉ်။



ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဓမ္မလက်ဆောင်များ ပေးအပ်စဉ်။

❂ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးနှင့် အဖွဲ့ဝင်များအား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများ၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ခဲ့သည့် အခြေအနေများ၊ ယခုကဲ့သို့ ခရီးစဉ်ကြွရောက်လာသည့်အတွက် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး သာသနာတော်ဆိုင်ရာ ကိစ္စရပ်များကို ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လျှောက်ထားတင်ပြသည်။



ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး တစ်ပါးဖြစ်သော His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry ဦးဆောင်သည့် ဆရာတော်၊ သံဃာတော်များနှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာစဉ်။

ထိုသို့လျှောက်ထားတင်ပြရာ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးက မိမိအနေဖြင့် မြန်မာနိုင်ငံသို့ ဘုရားဖူးလာရောက်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ လာရောက်ဖူးမြော်မှုအတွက် ဝမ်းမြောက်ပါကြောင်း၊ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုတွင် တူညီပြီး ယဉ်ကျေးမှုဆိုင်ရာများတွင်လည်း ခွဲခြား၍မရသည့် နိုင်ငံများ ဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ်များတွင် နိုင်ငံတကာမှ စာသင်သားရဟန်းများ လာရောက်၍ သင်ယူနေမှုများအတွက်လည်း မြန်မာနိုင်ငံအတွက် ဝမ်းမြောက် ဂုဏ်ယူကြောင်း၊ ယခုကဲ့သို့ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအတွက်လည်း ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံး ကျန်းမာချမ်းသာကြစေကြောင်းနှင့် မြန်မာနိုင်ငံကြီး တည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေကြောင်းဖြင့် ဆုတောင်းစကားကို ပြန်လည်မိန့်ကြားတော်မူပြီး မြန်မာနိုင်ငံအတွက် မေတ္တာပို့ဆုတောင်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိ ဆရာတော်ကြီးထံသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် *စာမျက်နှာ ၄ သို့*





ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး တစ်ပါးဖြစ်သော His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry ဦးဆောင်သည့် ဆရာတော်၊ သံဃာတော်များ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

*စာမျက်နှာ ၃ မှ*

ပုံစံတူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဓမ္မလက်ဆောင်များ ပေးအပ်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် အဓိပတိဆရာတော်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးနှင့် အဖွဲ့ဝင်များသည် ယခုလ ၂ ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် သာသနိကအဆောက်အအုံများနှင့် သာသနာတော်ဆိုင်ရာများကို သွားရောက်ဖူးမြော်ကြည်ညိုလေ့လာခဲ့ကြကြောင်း၊ ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့ကို သွားရောက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်းနှင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း တန်ခိုးကြီးဘုရားစေတီပုထိုးများကို ဆက်လက်ဖူးမြော်ကြည်ညိုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာနေကြသည့် ပြည်သူများအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်နှင့်အညီ လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာနေရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ထောက်ပံ့ချီးမြှင့်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောကြားသည်။





ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ထောက်ပံ့ချီးမြှင့်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ရန်ပုံငွေများထပ်မံဖြည့်ဆည်းပေးထား**

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် လိုအပ်သည့် ထောက်ပံ့ချီးမြှင့်မှုများ လျာထားစီစဉ်ဆောင်ရွက်ပေးရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ယာယီနေရပ်စွန့်ခွာ နေကြရသူများ၏ စာရင်းများကောက်ယူထားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေအနေဖြင့် နှစ်စဉ်ခွဲဝေပေးရန် သတ်မှတ်ထားသည့် ရန်ပုံငွေအပြင် ယခုနှစ်တွင် ရာဂီမုန်တိုင်းတိုက်ခတ်မှု အပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေများ ထပ်မံဖြည့်ဆည်းပေးထားပါကြောင်း။

**အဖွဲ့အစည်းများနှင့်ပူးပေါင်းနိုင်**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေအရ သဘာဝဘေးအန္တရာယ်ဟုဆိုရာတွင် အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် အများပြည်သူ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အခြေခံအဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုတို့ ပါဝင်ပါကြောင်း၊ ယင်းဥပဒေရည်ရွယ်ချက်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ပြည်တွင်းပြည်ပ အစိုးရဌာန အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်ဟု ပါဝင်ကြောင်း။

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးဖြစ်သူများအားလုံးကို စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ ဆက်လက်ထောက်ပံ့ ချီးမြှင့်ခြင်းနှင့် သင့်လျော်သည့် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဥပဒေပြဋ္ဌာန်းချက်များ၊ ဥပဒေပါဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်လည်း ကိုက်ညီပါကြောင်း၊ ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ရာတွင် ထိခိုက်မှုအရေအတွက် စာရင်း၊ ပေးအပ်မည့်နည်းလမ်း၊ လူဦးရေ၊ ငွေပမာဏနှင့်အချိန်တို့ စနစ်တကျဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များအနေဖြင့် ထောက်ပံ့ချီးမြှင့်ရာတွင် စာရင်းဇယား မှန်ကန်စေရန် ကြိုတင်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေမှ ထောက်ပံ့ချီးမြှင့်သွားမည့် နည်းလမ်း၊ ပေးအပ်မည့် အကြိမ်ရေနှင့် နှုန်းထား၊ လုပ်ထုံးလုပ်နည်း၊ စာရင်းဇယား မှန်ကန်ပြီး စနစ်တကျဖြစ်စေရေး တို့နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ထောက်ပံ့ချီးမြှင့်ငွေများကို မှန်မှန်ကန်ကန် ဖြစ်စေရေး၊ အလေအလွင့်မဖြစ်စေရေး၊ ရသင့်ရထိုက်သူများ ရရှိစေရေးနှင့် အခြားနေရာများသို့ မရောက်ရှိစေရန်လိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ယာယီနေရပ်စွန့်ခွာ နေကြရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများအနေဖြင့် စာရင်းဇယားတိကျမှန်ကန်စေရေးအတွက် မိမိတို့ရောက်ရှိနေကြသည့် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများထံသို့ လူဦးရေစာရင်းများကို သတင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖွင့် တောင်သူ ၄၅ ဦး၏ စိုက်ပျိုးဧက ၁၀၀ ခန့်ကို အကျိုးပြုပေးနိုင်မည်



**နေပြည်တော် ဖေဖော်ဝါရီ ၄**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားမြို့နယ် ဇီးဖြူပင် ကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာလမ်းဖွင့်ပွဲနေရာ၌ ကျင်းပပြုလုပ်ရာ**(ယာပုံ)** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သစ်ဆိမ့်ပင်ကျေးရွာ ကျေးလက် ကုန်ထုတ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျေးရွာယာယီရှင်းလင်းဆောင်၌ ကျေးလက်ကုန်ထုတ်လမ်းဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ယခုဖွင့်လှစ်ပေးသည့် ဇီးဖြူပင်ကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကျေးရွာ ကုန်ထုတ်လမ်း အရှည်ပေ ၅၇၀၀ ကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၂ ဒသမ ၈၉၃ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီး သစ်ဆိမ့်ပင်ကျေးရွာရှိ တောင်သူ ၄၅ ဦး၏ စိုက်ပျိုးဧက ၁၀၀ ခန့်ကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း၊ ဖောက်လုပ်ပြီး ကုန်ထုတ်လမ်းကို ကျေးရွာသူကျေးရွာသားများက အကျိုးရှိရှိ အသုံးပြုပြီး တစ်ဦးချင်း၊ တစ်အိမ်ထောင်ချင်း၊ တစ်ရပ်ကွက်ချင်း၊ တစ်မြို့ချင်း အဆင့်ဆင့် ဖွံ့ဖြိုးရေးအတွက် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေ လိုကြောင်း၊ တောင်သူများ လိုအပ်သည့် နည်းပညာများအား ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမင်းဦးက နေပြည်တော်ကောင်စီ နယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ သက်ဆိုင်ရာ တာဝန်ရှိသူများက လမ်းဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သစ်ဆိမ့်ပင်ကျေးရွာရှိ စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းသို့ သွားရောက်ပြီး ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားသော TBL9 (တီဘီအယ်လ်နိုင်း) မတ်ပဲစိုက်ခင်းအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု ချိုင်းကျေးရွာ အဆင့်မြင့် လယ်ယာထုတ်ကုန် သမဝါယမအသင်းမှ တောင်သူ ဦးအောင်ကျော်ခင်၏ ရေဆင်းစပ်မျိုး-၁ ဆောင်းနေကြာစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာ ယာယီရှင်းလင်းဆောင်၌ သမဝါယမအသင်းသားများ၊ ဆီထွက်သီးနှံ နေကြာစိုက် တောင်သူများနှင့် တွေ့ဆုံ၍ အသင်းသား တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်း စံပြကျေးရွာသို့ သွားရောက်ပြီး နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်နေမှု အခြေအနေများ၊ သမဝါယမ အသင်းသားများ စိုက်ပျိုးထားသောဆောင်းနေကြာ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာ တောင်သူများနှင့် တွေ့ဆုံ၍ အသင်းသား တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် ထားဝယ်ပညာရေးဒီဂရီကောလိပ်၌ ဘော်လီဘောပြိုင်

**ထားဝယ် ဖေဖော်ဝါရီ ၄**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ထားဝယ်ပညာရေး ဒီဂရီကောလိပ်၏ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံတော်အစိုးရက အားကစားအောင်နိုင်ခြင်းသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို တိုးတက်မြင့်မားစေသည်ဟု ခံယူချက်ဖြင့် မြန်မာ့ အားကစားအဆင့်အတန်း တိုးမြှင့်ရေးကို အမျိုးသားရေးအမြင်နှင့်ယှဉ်တွဲပြီး အထူးအားပေး ချီးမြှောက်လျက်ရှိကြောင်း၊ ပညာရေး ဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းသား လူငယ်တိုင်း အားကစားနည်း တစ်မျိုးမျိုးကို ပါဝင်ကစားစေရေး စီမံကိန်း ချမှတ်ခြင်းနှင့် အားကစားပြက္ခဒိန်ရေးဆွဲပြီး အခြေခံပညာအဆင့်မှ ကောလိပ်၊ တက္ကသိုလ်အဆင့် ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူငယ်များ၏ ပညာရေးနှင့်ကျန်းမာရေးကို အားကစားကဏ္ဍနှင့်ပူးပေါင်းပြီး တိုးမြှင့်ဆောင်ရွက်နိုင်အောင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကျင်းပမည့် အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိအောင် အနိုင်မခံ အရှုံးမပေးဘဲ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် ကြိုးစား ယှဉ်ပြိုင်ကြရန် ကျောင်းတွင်းပြိုင်ပွဲများမှသည် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံပြိုင်ပွဲ၊ ဝန်ကြီးဌာနပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် ဘုရင့်နောင်အသင်းနှင့် ဗန္ဓုလအသင်းတို့၏ ယှဉ်ပြိုင်မှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ထားဝယ်ပညာရေးဒီဂရီကောလိပ်၏ ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသား အသင်းငါးသင်း၊ အမျိုးသမီး ငါးသင်းဖြင့် ဖေဖော်ဝါရီ ၇ ရက်အထိ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# လှိုင်ကော်မြို့၌ သမဝါယမအသင်းသစ်များအား မတည်ပံ့ပိုးငွေများ ထုတ်ပေး

**လှိုင်ကော် ဖေဖော်ဝါရီ ၄**

ကယားပြည်နယ် လှိုင်ကော်မြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သမဝါယမအသင်းအဖြစ် အသစ်ထပ်မံဖွဲ့စည်းသော နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့် မြရောင်ခြယ်မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းသို့ မတည်ပံ့ပိုးငွေကျပ်သန်း ၂၀၊ ရက်ကန်းလုပ်ငန်း၊ ပရိဘောဂလုပ်ငန်းနှင့် စက်ချုပ်လုပ်ငန်းများ ဆောင်ရွက်မည့် စည်းလုံးခြင်း စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းသို့ မတည်ပံ့ပိုးငွေကျပ် ၅၄ သန်းနှင့် သီးနှံရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အောင် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသို့ မတည်ပံ့ပိုးငွေကျပ်သန်း ၇၀ စုစုပေါင်း သမဝါယမအသင်း သုံးသင်းသို့ မတည်ပံ့ပိုးငွေကျပ် ၁၄၄ သန်းအား ပေးအပ်ခဲ့သည်။

ထိုသို့ သမဝါယမအသင်းသစ်များဖွဲ့စည်း၍ ရရှိလာသည့် မတည်ပံ့ပိုးငွေများအား အသင်းဖွံ့ဖြိုးရေးအတွက် အသင်း၏စီးပွားရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးပြုခြင်းဖြင့် မိသားစုဝင်ငွေတိုးကာ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အကြို ဂုဏ်ပြုဆောင်းပါး

# အတူတကွထာဝရရှင်သန်ရမည့် ပြည်ထောင်စုစိတ်ဓာတ်အားမာန်ဖြင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်ကြရမည့်အချိန်

**ခင်ရတနာ**



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလက ကျင်းပသည့် ပင်လုံညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တက်ရောက်ခဲ့ကြသည့် ဦးဖေခင်၊ ဘားနတ်လက်ဒဝစ်(မြန်မာနိုင်ငံဆိုင်ရာဝန်ကြီးရုံးအရာရှိ)၊ မစ္စတာ ဘော်တွမ်လေး (ဝဲမှယာ) တို့ကို တွေ့ရစဉ်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မိမိတို့နိုင်ငံ၏ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။

ပြည်ထောင်စုနေ့ဟု နေ့ထူးနေ့မြတ်သတ်မှတ်ကျင်းပရခြင်း၏ အကြောင်းခံကပင် ထင်ရှားသည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ပန်းဝင်ခါနီးအချိန် တောင်တန်း-ပြည်မ မခွဲခြားဘဲ ဗြိတိသျှလက်အောက်ခံဘဝမှ လွတ်လပ်ရေးအောင်ပန်းကို တစ်စိတ်တစ်ဝမ်းတည်း အတူတူ အရယူမည်ဟု ကြွေးကြော်လက်ခမောင်းခတ်သည့်နေ့။ ပင်လုံမြေကို သက်သေပြု၍ အတူတကွဟူသည့် ပြည်ထောင်စုစိတ်ဓာတ်ကို စာချုပ်ပေါ် ကမ္ပည်းတင် လက်မှတ်ထိုးကြသည့်နေ့။ ထို့ကြောင့်ပင် ပြည်ထောင်စုနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်း မီးတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်သည့် သွေးစည်းညီညွတ်မှုကို ပြသသည့် နေ့တစ်နေ့ဖြစ်ပါသည်။

**အတိတ်ဆီသို့**

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရတော့မည့်အချိန် နီးကပ်လာလေလေ တောင်တန်းဒေသများကို လွတ်လပ်ရေးမပေးဘဲ ချန်ထားရန် အကြံပေါက်လေလေဟု ဆိုရမည်။ သူတို့အကြောင်းပြချက်မှာ ပြည်မနှင့် တောင်တန်းဟူသည် သီးခြားဟု အကြောင်းပြသည်။ ပြည်မကို လက်လွှော့လိုက်ရလျှင်ပင် ပတ်လည်ဝိုင်းနေသည့် တောင်တန်းဒေသများအား သူတို့ ဆက်လက်ကိုင်တွယ်ခြင်းဖြင့် ပြည်မကိုအချိန်မရွေးထိန်းချုပ်နိုင်လိမ့်မည်ဟု အထင်ရှိပုံရသည်။ ထို့ကြောင့်ပင် ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ် မေ ၁၇ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ အုပ်ချုပ်ရေးမူဝါဒတစ်ရပ်ဖြစ်သည့် စက္ကူဖြူစာတမ်းကို ထုတ်ပြန်ကြေညာသည်။

ထိုစာတမ်း၏ အဓိကဆိုလိုချက်များတွင် မြန်မာနိုင်ငံ၌ ပြန်လည်ထူထောင်ရေးများ ဦးစွာလုပ်ဆောင်မည်။ ပြီးလျှင် ဥပဒေပြုလွှတ်တော်နှင့် အစိုးရအဖွဲ့ ဖွဲ့စည်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲမည်။ ဗြိတိသျှပါလီမန်က အခြေခံဥပဒေကို အတည်ပြုပေးပြီး အခြားကတိကဝတ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးပေးမည်ဟုဆိုသည်။ သို့သော် ကချင်၊ ကယား၊ ကရင်၊ ချင်းစသည့် တောင်တန်းဒေသများက ပြည်မနှင့် ပူးပေါင်းရန် ဆန္ဒမရှိသရွေ့ မြန်မာဘုရင်ခံက ပြည်မနှင့်ခွဲကာ သီးခြားအုပ်ချုပ်မည်ဟုပါရှိသည်။

ထိုစဉ်ကပင် တစ်စိတ်တစ်ဝမ်းတည်း ပြည်ထောင်စုစိတ်ဓာတ်ရှိသည့် တိုင်းရင်းသားလူငယ်များက ပင်လုံမြို့ကလေးတွင် စုပေါင်းတွေ့ဆုံရင်း ပင်လုံညီလာခံကို ဆင်နွှဲကြသည်။ ထို့အတူ ဗိုလ်ချုပ်တို့ လန်ဒန်သို့သွား၍ လွတ်လပ်ရေးပေးရန် သွားရောက်ချုပ်ဆိုသည့် အောင်ဆန်း -အက်တလီ စာချုပ်တွင် စာပိုဒ်တစ်ပိုဒ်ပါလာသည်။ ပင်လုံအထူးကွန်ဖရင့် အစည်းအဝေးပြီးပါက တောင်တန်းဒေသတို့က ပြည်မနှင့်အတူ လွတ်လပ်ရေး ရယူလိုသောသဘောထားတူညီမှုသာ တစ်နိုင်ငံလုံးကို လွတ်လပ်ရေးပေးမည်ဟု ပါရှိသည်။

ပင်လုံညီလာခံသည် တိုင်းပြည်၏ အနာဂတ်ကို အဆုံးအဖြတ်ပေးခဲ့သည်။ ရှမ်းပြည်လူထု၏ **"သွေးခွဲသမားအလိုမရှိ၊ လွတ်လပ်ရေးချက်ချင်းပေး၊ ရှမ်း-မြန်မာ တောင်တန်းသားများ ပူးပေါင်းကြ"** စသည့်ကြွေးကြော်သံများဖြင့် ဒီမိုကရေစီအနှစ်သာရ ပြည်မ-တောင်တန်းသားအားလုံး တန်းတူညီမျှ အခွင့်အရေးရရှိရန်ဟူသည့် သဘောထားပေါ်တွင် တောင်တန်းသားများ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရရှိရေးကို အခြေခံသည့် သဘောတူညီမှုများဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် နံနက် ၁၀ နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းသားကိုယ်စားလှယ် ၂၃ ဦးတို့ ပြည်မနှင့် ပူးပေါင်းရန် သဘောတူသော ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ပင်လုံစာချုပ်ကြောင့်ပင် မြန်မာနိုင်ငံသည် တောင်တန်းပြည်မ အတူတကွ လွတ်လပ်ရေးကို ရရှိခံစားခွင့်ရခဲ့သည်။

**နီးနီးစပ်စပ် အကျိုးချင်းထပ်၍**

ပြည်ထောင်စုအားလုံးညီညွတ်ချစ်ကြည်ရေးအတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **"လူမျိုးဆိုသည်မှာ သုခ ဒုက္ခအတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်း ထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာဆန္ဒပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေ၏"**ဟု ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ ဖဆပလ ညီလာခံ၌ ထည့်သွင်းပြောကြားခဲ့သည့်အတိုင်း ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် နယ်ချဲ့တို့ထံမှ လွတ်လပ်ရေး အတူတကွရယူခြင်းဖြင့် အချုပ်အခြာအာဏာပိုင်သော နိုင်ငံအဖြစ် ကမ္ဘာကို ကြေညာနိုင်ခဲ့၏။

ဗြိတိသျှတို့သည် အရင်းအမြစ်ပေါကြွယ်ဝပြီး ပထဝီနိုင်ငံရေးအရ ရေခံမြေခံကောင်းမွန်သည့် မြန်မာနိုင်ငံကို ရေရှည်အုပ်ချုပ်ခွင့်ရရန် တိုင်းရင်းသားများအပေါ် သွေးခွဲအုပ်ချုပ်ရေးကို ကျင့်သုံးခဲ့သည်။ ပြည်မနှင့်တောင်တန်း ကူးလူးဆက်ဆံမှုများကို တားမြစ်ထားခြင်းကြောင့် ချစ်ကြည်ရင်းနှီးမှု အားနည်းကာ သွေးကွဲမှုများပင် ရှိခဲ့ဖူးသည်။ သို့သော် အမြော်အမြင်ကြီးမားသည့် မျိုးချစ်တိုင်းရင်းသားတို့၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့အခင်းအကျင်းကို စေ့ငုလေ့လာပါက မျိုးချစ်စိတ်ကိုအရင်းခံ၍ လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသည့် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရေးအတွက်သာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုကြီးကို တိုင်းရင်းသားအားလုံးနှင့် လက်တွဲတည်ဆောက်လာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီး မကြာမီကတည်းက စတင်ပေါ်ပေါက်လာသည့် ပြည်တွင်းရောင်စုံသောင်းကျန်းသူများကို အဆင့်ဆင့်ချေမှုန်း နှိမ်နင်းခြင်းမှသည် ယနေ့အချိန်အထိ ပြည်ထောင်စုမပြိုကွဲရေးကို ဦးထိပ်ထားကာ အစဉ်တစိုက် လုပ်ဆောင်နေခဲ့သည့် တစ်ခုတည်းသော အင်စတီကျူးရှင်းမှာလည်း တပ်မတော်ပင် မဟုတ်ပါလား။

**မည်သည့်ကိစ္စတွင်မျှ ခွဲခြားခြင်းမရှိ**

မိမိတို့နိုင်ငံသည် တိုင်းရင်းသားအခွင့်အရေးဟူ၍ သီးခြားသတ်မှတ်ထားရန် မလိုအပ်အောင်ပင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့် မည်သည့်ကိစ္စတွင်မျှ လူများစု၊ လူနည်းစု၊ တိုင်းရင်းသားဟူ၍ ခွဲခြားထားခြင်းမရှိ တန်းတူအခွင့်အရေးများ ရရှိခဲ့ချည်းသာဖြစ်သည်။ သို့သော် ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်တွင်းပြည်ပမှ အဖျက်သမားများက မိမိတို့နိုင်ငံ၏ အကျိုးကို မလိုလားသော အနောက်အုပ်စု ပြည်ပအင်အားကြီးနိုင်ငံအချို့၏ သွေးထိုးမြှောက်ပင့်မှုတို့ဖြင့် ဆူပူအကြမ်းဖက်မှုမျိုးစုံနှင့် ပဋိပက္ခမျိုးစုံကို ဖော်ဆောင်လျက်ရှိသည်။

မတည်ငြိမ်မှုများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဆုံးရှုံးရခြင်း၊ ပြည်သူအားလုံးနှင့် သက်ဆိုင်သည့် အခြေခံအဆောက်အအုံများစွာတို့မှာလည်း အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် များစွာဆုံးရှုံးပျက်စီးခြင်း ကြုံကြရသည်။ ပြည်တွင်းမတည်ငြိမ်မှု ပဋိပက္ခများကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊

*စာမျက်နှာ ၇ သို့*

- **မြန်မာ့အခင်းအကျင်းကို စေ့ငုလေ့လာပါက မျိုးချစ်စိတ်ကိုအရင်းခံ၍ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသည့် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရေးအတွက်သာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီပြည်ထောင်စုကြီးကို တိုင်းရင်းသားအားလုံးနှင့် လက်တွဲတည်ဆောက်လာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီး မကြာမီကတည်းက စတင်ပေါ်ပေါက်လာသည့် ပြည်တွင်းရောင်စုံသောင်းကျန်းသူများကို အဆင့်ဆင့်ချေမှုန်းနှိမ်နင်းခြင်းမှသည် ယနေ့အချိန်အထိ ပြည်ထောင်စုမပြိုကွဲရေးကို ဦးထိပ်ထားကာ အစဉ်တစိုက် လုပ်ဆောင်နေ**
- **မိမိတို့နိုင်ငံသည် တိုင်းရင်းသားအခွင့်အရေးဟူ၍ သီးခြားသတ်မှတ်ထားရန် မလိုအပ်အောင်ပင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့် မည်သည့်ကိစ္စတွင်မျှ လူများစု၊ လူနည်းစု၊ တိုင်းရင်းသားဟူ၍ ခွဲခြားထားခြင်းမရှိ တန်းတူအခွင့်အရေးများ ရရှိခဲ့**

# မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် MRTV DTH စလောင်းနှင့် Set Top Box များ လှူဒါန်း




အကျိုးကျေးဇူးရှိမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းများနှင့် မိသားစုဝင်များအား အသိအမှတ်ပြုသည့်အတွက် အားတက်ရပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

နေပြည်တော် ဖေဖော်ဝါရီ ၄

**မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် MRTV DTH စလောင်း အစုံ ၁၀၀ နှင့် DVB T-2 Set Top Box အလုံး ၃၀၀ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(ငြိမ်း)၊ အတွင်းရေးမှူး ဗိုလ်ချုပ်စန်းမြင့်(ငြိမ်း) နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တပ်မတော်သားများအနေဖြင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကာလတွင်ရော၊ အငြိမ်းစားဘဝရောက်ရှိသည့် အချိန်ထိတိုင် နိုင်ငံ့အကျိုးကို ထမ်းဆောင်လျက်ရှိသည့်အတွက် ဂုဏ်ယူပါကြောင်း၊ စစ်မှုထမ်းဟောင်းများအနေဖြင့် တပ်မတော်နှင့်အတူလက်တွဲပြီး သင့်တော်သည့် ကဏ္ဍများတွင် နိုင်ငံတော်တည်ငြိမ်ရေး ပူးပေါင်းဆောင်ရွက်နေသည်ကို သိရှိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး သတင်းတု၊ သတင်းမှားများကို ဆန်းစစ်ဝေဖန်နိုင်ပြီး သတင်းမှန်ကို ခွဲခြားသိရှိမှသာ ဆောင်ရွက်ချက်များ ပိုမိုတန်ဖိုးရှိမည်ဖြစ်သည့်အတွက် စစ်မှုထမ်းဟောင်းအဖွဲ့သို့ ယခုလို လှူဒါန်းရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက MRTV DTH စလောင်း အစုံ ၁၀၀ နှင့် DVB T-2 Set Top Box အလုံး ၃၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(ငြိမ်း)နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(ယာပုံ)**

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် (ငြိမ်း) က ယခုကဲ့သို့ လှူဒါန်းခြင်းအတွက် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် များစွာအကျိုးကျေးဇူးရှိမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းများနှင့် မိသားစုဝင်များအား အသိအမှတ်ပြုသည့်အတွက် အားတက်ရပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား တွေ့ဆုံနှုတ်ဆက်၍ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို တွေ့ဆုံနှုတ်ဆက်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းက (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ပါဝင်ဆင်နွှဲမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း စားရိပ်သာ၌ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံစဉ် နေပြည်တော် ကောင်စီဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်သည့် တည်းခိုဆောင်များ၊ ခရီးသွားလက်မှတ်အရောင်းဌာန၊ Sim Card နှင့် ငွေဖြည့်ကတ် အရောင်းဆိုင်ခန်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း (BPI) ဆေးဝါးအရောင်းဆိုင်ခန်း၊ အဝတ်အထည်နှင့် စတီးအိမ်သုံးပစ္စည်းအရောင်းဆိုင်ခန်း၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်ခန်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်နှင့် ဆပ်ကော်မတီ ရုံးခန်းများကို လှည့်လည်ကြည့်ရှုသည်။

(၇၈) နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ဖျော်ဖြေကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များကို တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအကများ အပြန်အလှန်ဖလှယ်နိုင်ရန်ရည်ရွယ်၍ ဖိတ်ကြားခြင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၆ ဦး၊ ကချင်ပြည်နယ်မှ ၃၅ ဦး၊ ကယားပြည်နယ်မှ ၃၃ ဦး၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၃၃ ဦး၊ မွန်ပြည်နယ်မှ ၃၈ ဦး၊ ရခိုင်ပြည်နယ်မှ ၃၉ ဦးနှင့် ရှမ်းပြည်နယ်မှ ၄၀ စုစုပေါင်း ၃၀၄ ဦး ရောက်ရှိလျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်တပေါင်းကွင်း၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပမည့် ကွင်းအတွင်း ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချဆိုင်ခန်းများ၊ MSME ထုတ်ကုန်ပစ္စည်းများပြခန်းများ တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ကျန်းမာရေးအစရှိသည့် လူမှုစီးပွားဘဝများ ထိခိုက်နစ်နာကြရသည်။

စင်စစ် နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်၌ တိုင်းရင်းသားအဖွဲ့အချို့ တောင်းဆိုနေသည့် အချက်များအားလုံး ပါဝင်ပြီးသားဟူသည်ကို မြင်စေလိုလှပါပြီ။ နိုင်ငံတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ်သတ်မှတ်ကာ ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် နိုင်ငံတော်ကို တည်ဆောက်ထားခြင်းဖြစ်သည်ကို သတိချပ်စေလိုပါသည်။ ပဋိပက္ခများကြောင့် သက်ဆိုင်ရာဒေသနှင့် ဒေသခံများ အတိဒုက္ခရောက်ကြရသည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင်ပါ များစွာထိခိုက်နစ်နာဆုံးရှုံးနေကြသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြပြီးနောက် မိမိတို့ဒေသအကျိုး၊ တိုင်းပြည်အကျိုးကို ရည်မျှော်ကာ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်း၍ မိမိတို့အားလုံးမျှော်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်လာစေရေးနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးမှာ တိုင်းရင်းသားပြည်သူအားလုံး၏ တာဝန်ပင် ဖြစ်ပါသည်။

### ငြိမ်းချမ်းသောအနာဂတ် ပြည်သူအားလုံးမျှော်လင့်ချက်

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရန် အခြေခံလိုအပ်ချက်သည် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းခဲ့ကြသော်လည်း ယနေ့တိုင် ပဋိပက္ခတို့ မပြီးဆုံးနိုင်သေး။ ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းတည်ဆောက်ရန် လိုအပ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ ငြိမ်းချမ်းရေးထက် အရေးကြီးသည့် အခြားလုပ်ငန်းမရှိသည်ကို သဘောပေါက်ခံယူကာ အမျိုးသားအကျိုးစီးပွားမှအပ အခြားအကျိုးစီးပွားများ ကင်းရှင်းစွာ ပကတိအရှိတရားကို သိမြင်နားလည်ရန် လိုအပ်လှသည်။

မငြိမ်သက်မှုများကြောင့် နေရပ်ကိုစွန့်ခွာ၍ ဇာတိမြေကို လွမ်းဆွတ်တမ်းတရင်း ငြိမ်းချမ်းရေးချိုးကူသံကို နားစွင့်နေကြရသည့် ပြည်သူများနှင့် အကြမ်းဖက်သမားတို့၏ အဖျက်လုပ်ရပ်များကြောင့် အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူ ၅၁ သန်းကျော်တို့၏ ပကတိဆန္ဒအမှန်သည် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးပင် ဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ အချင်းချင်းရိုင်းပင်းကူညီမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားလူမျိုးအားလုံး၏ စိတ်သန္တာန်ဝယ် အမြစ်တွယ်ရှိပြီးသားပင်ဖြစ်သည်။ ဘိုးဘွားများက မိမိတို့အတွက် ပြည်ထောင်စုနိုင်ငံတော်ကြီးကို တစုတစည်းတည်းဖြစ်အောင် ကြိုးပမ်းပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှု၊ တိုင်းရင်းသားခေါင်းဆောင်တို့၏ အမြော်အမြင်ကြီးမားမှု၊ တောင်တန်း-ပြည်မ ပြည်သူတစ်ရပ်လုံး နိုင်ငံရေးနိုးကြားမှုဖြင့် ပြည်ထောင်စုညီညွတ်ရေးကို ပင်လုံစိတ်ဓာတ်၊ ပင်လုံစာချုပ်ဖြင့် သက်သေသွန်းပြခဲ့ရာ မိမိတို့သည်လည်း ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေတည်ကာ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်ရေးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ကြခြင်းဖြင့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**အိမ်ပြင်ပဓာတ်ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၄**

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ စေတီတော်ပရိဝုဏ်အတွင်းရှိမဇ္ဈိမရုံ၌ကျင်းပရာ သီရိမင်္ဂလာကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ၊ ဘဒ္ဒန္တကောဝိဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်သည့် အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက်ပွဲတော်ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ စီမံရေးရာ ဂေါပက အလှည့်ကျ သဘာပတိ ဦးဝင်းမြင့်က အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ဓမ္မပူဇာမင်္ဂလာ ထေပနာ မြွက်ကြားလွှာအား ဖတ်ကြားလျှောက်ထားပြီး သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဒုတိယ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဇောတိပါလထံမှ အနုမောဒနာ တရားတော်များ နာယူပြီး ရေစက်ချ အမျှပေးဝေကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၃) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၉ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ချောင်းဆုံမြို့နယ် သက္ကောကျေးရွာ၌ သုတစံအိမ် စာကြည့်တိုက်ဖွင့်လှစ်

**ချောင်းဆုံ ဖေဖော်ဝါရီ ၄**

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် သက္ကောကျေးရွာ၌ သုတစံအိမ် စာကြည့်တိုက်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်နှင့် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်တို့က သုတစံအိမ် စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သုတစံအိမ် စာကြည့်တိုက် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းခဲ့ပြီး စာကြည့်တိုက်အတွင်း သုတ၊ ရသ စာအုပ် စာစောင်များ၊ ပရိဘောဂပစ္စည်းများခင်းကျင်းထားရှိမှုနှင့် ရပ်ကွက်ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနေမှုတို့ကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က စာပေမြင့်မှလူမျိုးတင့်သည် ဆိုသကဲ့သို့ ကျောင်းသားလူငယ်များကို စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရှင်သန်ခိုင်မာရေး လေ့ကျင့်ပျိုးထောင်ပေးကြရန်လိုပါကြောင်း၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကိုလည်း ဝိုင်းဝန်းစောင့်ရှောက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စာကြည့်တိုက်အတွက် အလှူရှင်များက ပန်းချီကားချပ်နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ပြီးနောက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ စာကြည့်တိုက်အဆောက်အအုံနှင့် ပတ်သက်သည့် အချက်အလက်များကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စမ်းစမ်းနွယ်က လွှဲပြောင်းပေးအပ်ရာ စာကြည့်တိုက်တာဝန်ခံမှ လက်ခံယူသည်။

အဆိုပါ သုတစံအိမ် စာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မတည်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ နှင့် စေတနာရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၂၅၀ဖြင့် အလျားပေ ၂၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေ အုတ်ကာ၊ သွပ်မိုး၊ တစ်ထပ်အဆောက်အအုံ ဆောက်လုပ်ထားရှိပြီး မွန်ပြည်နယ်စာကြည့်တိုက်ဖောင်ဒေးရှင်းမှ သုတ၊ ရသ စာအုပ်များကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူပညာရေးဒီဂရီကောလိပ်၌ အားကစားပြိုင်ပွဲကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေး ဒီဂရီကောလိပ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် စစ်ကြောင်းမှူးက ဦးဆောင်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး လူမှုရေးရာဝန်ကြီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံ နှုတ်ဆက်သည်။ ယင်းနောက် စစ်ကြောင်းမှူးက ဦးဆောင်၍ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည် ထွက်ခွာကြပြီး ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာခြင်းအလှဖြင့် သရုပ်ပြတင်ဆက်ခြင်းနှင့် Fitness Dance ဖြင့် သရုပ်ပြတင်ဆက်ကြသည်။



တောင်ငူပညာရေး ဒီဂရီကောလိပ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများအဖြစ် ပြေးခုန်ပစ် (ကျား၊ မ)၊ ဘော်လီဘော(ကျား၊ မ)၊ ပိုက်ကျော်ခြင်း (ကျား)၊ စားပွဲတင်တင်းနစ် (ကျား၊ မ)၊ လွန်ဆွဲ (ကျား၊ မ)နှင့် ဘောလုံးအားကစား (ကျား၊မ) ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၄ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**

# သထုံမြို့နယ်အတွင်း စဉ်ဆက်ပညာရေးလုပ်ငန်း စာသင်ဝိုင်းဖွင့်လှစ်နေမှု ကြည့်ရှုအားပေး

**သထုံ ဖေဖော်ဝါရီ ၄**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း စဉ်ဆက်ပညာရေး လုပ်ငန်း စာသင်ဝိုင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အဆိုပါစာသင်ဝိုင်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ယနေ့ မွန်းလွဲပိုင်းတွင် လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။



လိုက်လံကြည့်ရှုရာတွင် သထုံမြို့ နန်းခဲရပ်ကွက်ရှိ ဓမ္မမေဒနီဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သင်ကြားပေးနေသည့် စာတတ်မြောက်ရေး စာသင်ဝိုင်းသင်ကြားပေးနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဦးခဲမိုင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည်။

အကြောင်းအမျိုးမျိုးကြောင့် ရပ်ရွာဒေသအတွင်း ကျောင်းမနေခဲ့ရသူများ၊ မူလတန်းပညာမသင်ကြား ခဲ့ရသူများအတွက် စဉ်ဆက်ပညာရေး အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သထုံမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာ အုပ်စုတို့၌ စာသင်ဝိုင်း ၈၀ ဖွင့်လှစ်၍ စာသင်သား ၇၆၉ ဦးတို့အား နည်းပြ ၈၀ တို့က ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ ရက်ပေါင်း ၆၀ ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တိုင်းရင်းသားအားလုံး ဒီမှာဆုံတွေ့ပြီး တစ်ယောက်ရဲ့ပြခန်းကို တစ်ယောက်က လေ့လာနိုင်တဲ့အတွက် ပြည်ထောင်စုစိတ်ဓာတ်တွေလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်

**ဦးစိန်ဦး (စီးပွားရေးရာဝန်ကြီး၊ ကယားပြည်နယ်အစိုးရအဖွဲ့)**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-

**ဦးစိန်ဦး (စီးပွားရေးရာဝန်ကြီး၊ ကယားပြည်နယ်အစိုးရအဖွဲ့)**

ကျွန်တော်တို့ပြည်နယ်အနေနဲ့ အရင်နှစ်ကထက် ပစ္စည်းတွေ စုံစုံလင်လင်နဲ့ ခမ်းခမ်းနားနားပါဝင်ပြသနိုင်ဖို့ စီစဉ်ထားပါတယ်။ စိုက်ပျိုးရေးထွက်ကုန်တွေ၊ မွေးမြူရေးထုတ်ကုန်တွေ၊ ဒေသထွက်ကုန်ကြမ်းတွေကို အသုံးပြုပြီး ထုတ်လုပ်ထားတဲ့ပစ္စည်းတွေ၊ OROP အနေနဲ့ ဆန်မွှေး၊ နှမ်းနက်၊ အစေ့ထုတ်ပြောင်း၊ ကယားဝက်အူချောင်းတွေကို ပါဝင်ခင်းကျင်းပြသမှာဖြစ်ပါတယ်။ ကယားရိုးရာဝတ်စုံတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ကယားရိုးရာစားသောက်ဆိုင်တန်းမှာ ကယားဒေသထွက်ကုန်ပစ္စည်းတွေကို ရောင်းချပေးသွားမှာဖြစ်ပါတယ်။ ဒီလို MSMEထုတ်ကုန်ပြပွဲပြိုင်ပွဲတွေက ဒေသရဲ့ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေပါတယ်။ ဒီပြပွဲရဲ့ ရည်ရွယ်ချက်ကိုက တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဒေသထုတ်ကုန်တွေကို ဒီပွဲမှာ ပြသမယ်။ ရောင်းချမယ်။ လိုတဲ့သူတွေကလည်း ဝယ်ယူနိုင်ရမယ်။ ထုတ်လုပ်တဲ့သူတွေကိုယ်တိုင်လည်း သူများတွေ ဘယ်လိုထုတ်လုပ်နေသလဲဆိုတာ လေ့လာနိုင်ရမယ်။ ဒေသက ကုန်ကြမ်းတွေကို အသုံးပြုပြီး ကုန်ချောတွေထွက်အောင် ဘယ်လိုရောင်းချမလဲ။ ဒီကုန်ချောတွေကို ပြည်တွင်း ပြည်ပကို ဘယ်လိုရောင်းချမလဲ။ ဒီအတွက်ဈေးကွက်ကို ဒီမှာချိတ်ဆက်ရှာဖွေနိုင်ပါတယ်။ တိုင်းရင်းသားအားလုံး ဒီမှာဆုံတွေ့ပြီး တစ်ယောက်ရဲ့ ပြခန်းကို တစ်ယောက်က လေ့လာနိုင်တဲ့အတွက် ပြည်ထောင်စုစိတ်ဓာတ်တွေလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။ ဒါကြောင့် အင်မတန်အကျိုးကျေးဇူးရတဲ့ ပြပွဲလို့ ပြောကြားလိုပါတယ်။



ဦးစိန်ဦး



ဦးတင်ဦး



ဦးမောင်မောင်ဦး

**ဦးတင်ဦး(စီးပွားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)**

MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံး ပါဝင်ပြီး MSME ထုတ်ကုန်တွေ ခင်းကျင်းပြသတာဟာ ဒေသအသီးသီးရဲ့ ထုတ်ကုန်အချင်းချင်း ယှဉ်ပြိုင်မှုကတစ်ဆင့် အရည်အသွေးမြင့် ထုတ်လုပ်မှုပိုမိုမြင့်မားတိုးတက်လာစေဖို့နဲ့ ဖွံ့ဖြိုးတိုးတက်စေဖို့ကို ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါတယ်။ အခုလို ကျင်းပပေးခြင်းအားဖြင့် MSME လုပ်ငန်းရှင်တွေ တစ်နေရာတည်းမှာ တစုတစည်းတည်း စုစည်းခွင့်ရသလို မိမိတို့လုပ်ငန်းတွေအတွက်လည်း နည်းပညာသစ်တွေကို အမြင်ချင်းဖလှယ်နိုင်မှာ ဖြစ်ပါတယ်။ စွန့်ဦးတီထွင်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အတွေ့အကြုံတွေ သိနားလည်ခွင့်ရရှိစေမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအနေနဲ့ ထုတ်ကုန်အမျိုးပေါင်း ၆၅ မျိုးနဲ့ ပစ္စည်းအမယ်ပေါင်း ၆၃၀ ကျော်ကို MSME လုပ်ငန်းရှင် ၈၉ ဦးက ပါဝင်ပြသရောင်းချသွားမှာ ဖြစ်ပါတယ်။ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့ တိုင်းဒေသကြီးဝန်ကြီးချုပ်အနေနဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက အတိုးနှုန်းသက်သာစွာ ထုတ်ပေးထားတဲ့ ၂ ဒသမ ၇ ဘီလီယံကျော်ကို အရင်းအနှီးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်တွေ ပြောင်းလဲဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ အရင်းအနှီး၊ စက်ကိရိယာ၊ နည်းပညာ၊ ပါကင်စက်တွေအပါအဝင် ပြုပြင်ဆောင်ရွက်ခဲ့တဲ့ ထုတ်ကုန်တွေကိုလည်း တစုတဝေးတည်း ပြသမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးက ထုတ်လုပ်တဲ့ ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်နဲ့ ရှစ်တန်းသွား လူစီးကောက်စိုက်စက်တွေကို ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းဒေသကြီးက စွန့်ဦးတီထွင်ထားတဲ့ စက်တွေက လုပ်သားအင်အား အများအပြားမလိုဘဲ စက်မောင်းနဲ့ အကူနှစ်ဦး စုစုပေါင်း သုံးဦးသာလိုအပ်တဲ့အတွက် လုပ်သားအင်အားရှားပါးမှုပြဿနာကိုလည်း အထိုက်အလျောက် ဖြေရှင်းနိုင်မှာဖြစ်ပြီး ကုန်ကျစရိတ်ရဲ့ ၈၀ ရာခိုင်နှုန်းကျော်ကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ လက်ဆွဲကောက်စိုက်စက်၊ လူစီးကောက်စိုက်စက်တွေနဲ့ စိုက်ပျိုးမယ်ဆိုရင် တစ်ဧကကို သုံးနာရီနဲ့ တစ်ရက်ကို သုံးဧကစိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ ဆီစားသက်သာတဲ့အတွက် ဆီဖိုးအနေနဲ့ ငွေကျပ် ၈၅၀၀လောက်သာ ကုန်ကျမှာဖြစ်ပါတယ်။ ဒီစက်ကို အသုံးပြုတဲ့အတွက် အပင်ကြား၊ အတန်းကြားက



ညီညာတဲ့အတွက် တောင်သူတွေအတွက် ဆေးဖျန်းရတာလွယ်ကူပြီး ကောက်ပင်တွေက အစာအာဟာရတွေကို စားသုံးနိုင်တဲ့အတွက် အထွက်နှုန်းတိုးတက်လာမှာ ဖြစ်ပါတယ်။ ပြည်တွင်းက အခုလို ထုတ်လုပ်လိုက်တဲ့အတွက် နိုင်ငံခြားသွင်းကုန်နဲ့ ပတ်သက်ပြီး ပစ္စည်းရဲ့ ဈေးနှုန်းကို ၅၀ ရာခိုင်နှုန်း လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဒီစက်ကို ရောင်းချရာမှာလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ သက်ဆိုင်ရာကုမ္ပဏီနဲ့ ပူးပေါင်းပြီး အာမခံစနစ်ကို ထည့်သွင်းထားပါတယ်။

ဒီစက်တွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆက်လက်ဖြန့်ဖြူးရောင်းချသွားမှာ ဖြစ်ပါတယ်။ အဖိုးနှုန်းချိုသာစွာနဲ့ တင်သွင်းဖြန့်ဖြူးရောင်းချသွားမှာ ဖြစ်တဲ့အတွက် ဝယ်ယူလိုတဲ့ တောင်သူတွေအနေနဲ့ အဖိုးနှုန်းသက်သာစွာနဲ့ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ ချိတ်ဆက်ပြီး အရစ်ကျငွေပေးချေမှုစနစ်နဲ့လည်း ဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ ဒါကြောင့် အကျိုးကျေးဇူးများစွာ ရရှိစေမှာဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ဥက္ကဋ္ဌ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း)**

ဒီပြပွဲပြိုင်ပွဲမှာ ကျွန်တော်တို့အသင်းအနေနဲ့ အကိုက်အခဲပျောက်လိမ်းဆေး၊ အဖျားပျောက်ဆေး၊ သွေးဆေး၊ အားဆေးစသဖြင့် တိုင်းရင်းဆေးမျိုးစုံကို လာရောက်ပြသမှာ ဖြစ်ပါတယ်။ မြန်မာသာမက ကမ္ဘာမှာပါ အများပြည်သူက တိုင်းရင်းဆေးကို အားကိုးပါတယ်။ တိုင်းရင်းဆေးက သုံးစွဲရတာလည်း လွယ်ကူသလို ဘေးထွက်ဆိုးကျိုးလည်း အင်မတန်နည်းပါတယ်။ ဒါကြောင့် သဘာဝဆေးဖြစ်တဲ့ တိုင်းရင်းဆေးကို နှစ်နှစ်ခြိုက်ခြိုက် သုံးစွဲကြတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ကျန်းမာရေးဝန်ကြီးဌာနနဲ့ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) တို့က မြန်မာနိုင်ငံအနှံ့အပြားက မိသားစုတွေရဲ့ တိုင်းရင်းဆေးသုံးစွဲမှုကို WHO ရဲ့ လမ်းညွှန်ချက်နဲ့အညီ သုတေသနပြုလုပ်ခဲ့ပါတယ်။ ဒီလိုသုတေသနပြုတဲ့အခါ ၉၆ ရာခိုင်နှုန်းသော မြန်မာမိသားစုတွေက တိုင်းရင်းဆေးကို သုံးစွဲတာတွေ့ရပါတယ်။

MSME ထုတ်ကုန်ပြပွဲမှာ ကျွန်တော်တို့ တိုင်းရင်းဆေးကဏ္ဍအနေနဲ့ ပထမဆုံးလာရောက်ပြသတာဖြစ်ပါတယ်။ အများပြည်သူအနေနဲ့ မိမိတို့ရဲ့ ကျန်းမာရေးအတွက် တိုင်းရင်းဆေးနဲ့ ပတ်သက်ပြီး သိရှိလိုတာတွေကို မေးမြန်းဆွေးနွေးလို့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ရှင်းလင်းပြောပြပေးနိုင်ပါတယ်ဆိုတာ ပြောကြားလိုပါတယ်။



**အင်တာဗျူး- ဝင်းဝင်းမင်း**
**ဓာတ်ပုံ- ဖိုးပြည့်စုံ**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဧရာဝတီမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၄**

ကချင်ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် ဇွန်လက မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မြစ်ကြီးနားမြို့ ရေဝင်ရောက်မှုနှင့်အတူ ဝိုင်းမော်မြို့နယ် မိုင်းနား ကျေးရွာအုပ်စုအတွင်း ဧရာဝတီမြစ်ကမ်းဘေးရှိ လဝမ်ကထောင်နှင့် ဟိုလော်ကျေးရွာများ၌ မြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဖြစ်ပေါ်ခဲ့သဖြင့် အဆိုပါကျေးရွာများ မြစ်ရေတိုက်စားမှုမှ ကာကွယ် နိုင်ရေး ကျောက်စီကမ်းထိန်းနံရံတည်ဆောက် ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၃ နာရီက ဒေသခံများနှင့် တွေ့ဆုံပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ကမ်းနားလမ်းနှင့် ရုံးကြီးလမ်းဆုံ ဧရာဝတီမြစ်ဆိပ်မှ မီးသတ်တပ်ဖွဲ့၏ အမြန်ရေယာဉ် များဖြင့် လုပ်ငန်းစီမံကိန်း တည်ဆောက်ရာနေရာသို့ သွားရောက်ပြီး တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေသခံများ၏ လုပ်ငန်းစီမံကိန်းအပေါ် သိလိုသည်များ မေးမြန်းဆွေးနွေးမှု၊ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်ချက်များတင်ပြမှု၊ နောင်အလားတူဖြစ်ရပ်မျိုး မဖြစ်ပေါ်စေရေး မြစ်လယ်ရှိ သဲသောင်ပြင်များ ရှင်းလင်းဖယ်ရှားပေး ရေးဆိုင်ရာကိစ္စရပ်များ တင်ပြမှုအပေါ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် အဆိုပါကျေးရွာများအတွက် ၂၀၂၄-၂၀၂၅ ပြည်နယ်အစိုးရအဖွဲ့ အထွေထွေပိုလျှံရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ကျောက်စီကမ်းထိန်းနံရံ အလျားအရှည်ပေ ၃၀၀၀ ကျောက်စီမြေထိန်းနံရံ အတွက် အောက်ခြေဖောင်ဒေးရှင်းနှင့် Geo Bag တည်ဆောက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဗလမင်းထင်တံတား အောက်ဘက် ဧရာဝတီမြစ်လယ်ရှိ စီတာပူကျွန်းသို့ သွားရောက်ပြီး မြစ်ရေကြီးမြင့်မှုမှ ကာကွယ်ရေးနှင့် မြစ်ကြောင်း ဖြောင့်တန်းစွာ စီးဆင်းနိုင်ရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည့် မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းတစ်ခုဖြစ်သည့် ရေလယ်ကျွန်း သဲသောင်ခုံအား အကျယ် ပေ ၂၄၀၊ ရေစစ်အောက် နှစ်မီတာကို ၅၁၈၈၂ ကုဗမီတာအထိ သဲသောင်



တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည့် အခြေ အနေများနှင့် တစ်ဆက်တစ်စပ်တည်း မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေး ဗလမင်းထင် တံတားအထက် မြစ်ကမ်းပါးတစ်လျှောက် အလျား ၁၂၆၅ ပေရှိ ရေလျှံတားကျောက်စီမြေထိန်းနံရံနှင့် တမံတည်ဆောက်သွားမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက် ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ယင်းနောက် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စီတာပူကျွန်းသဲသောင်ခုံနှင့် ကပ်လျက်သဲသောင်ခုံ အသစ် ဖြစ်ပေါ်လာမှုအခြေအနေများနှင့် အဆိုပါ သဲသောင်ခုံပေါ်တွင် နှစ်စဉ်ဆောင်းရာသီတွင်သာ လာရောက်ခိုနားလေ့ရှိပြီး ဆောင်းခိုငှက်မျိုးစိတ် တစ်မျိုးဖြစ်သည့် တောင်န်းခေါင်းကြား (Bar-headed Goose) ကောင်ရေ ၄၀၀ ခန့် အုပ်စုလိုက် နားခိုနေထိုင် မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။**ပြည်နယ်(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်းသူရိယလှသောင်းကျောင်း)၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (အောင်ဆန်း သူရိယလှသောင်းကျောင်း) ၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှု အခမ်း အနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အခမ်းအနားကို တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်၊ တိုင်းဒေသကြီး ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာ ချို၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းညွှန့်၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိ ဒုတိယဗိုလ်မှူး ကြီး ရဲမြင့်အောင်နှင့် ခရိုင်ပညာ ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။





ထို့နောက် ရန်ကုန်တိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စာဖတ်ရှိန် မြှင့်တင်ရေးဆိုင်ရာ ပြိုင်ပွဲများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပြခန်း၊ သိပ္ပံပြခန်းနှင့် လက်မှုအနုပညာ ပြခန်းတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက "စာပေမြင့်လို့ လူမျိုးတင့်မည်" သီချင်းဖြင့် လည်းကောင်း၊ စာပေမြှင့်တင်ရေး သီချင်းများကို ဒိုးပတ်များတီး၍ လည်းကောင်း တွဲဖက်သီဆိုကပြ တင်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကျောင်းစာကြည့် တိုက်အတွက် သုတ၊ ရသ စာအုပ် များကို ပေးအပ်ရာ မြို့နယ်ပညာ ရေးမှူးနှင့် ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိတို့က လက်ခံရယူ သည်။ ဆက်လက်၍စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် ဟောပြောမည့် အမျိုးသားစာပေ ဆုများရှင် စာရေးဆရာဟိန်းလတ် အား ဂုဏ်ပြုလက်ဆောင်ကို လည်းကောင်း၊ အခမ်းအနား တွင် ပါဝင်တင်ဆက်ကြသူများ အား ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်သည်။

ယင်းနောက် အလှူရှင်များ က ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေး အခမ်းအနားအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းရာ လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ လူမှုရေးရာ ဝန်ကြီး ဦးငွေအောင်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■ *ကျောဖုံးမှ*

အောက်တိုဘာလမှစတင်၍ လာရောက်နေထိုင်လေ့ရှိသည်ကို အများဆုံးသိရှိရပြီး အဆိုပါတောင်န်းခေါင်းကြား (Bar-headed Goose) ငှက်များအနေဖြင့် ဧရာဝတီမြစ်အတွင်း သဲသောင်ခုံပေါ်တွင် ၂၀၂၄ ခုနှစ်မှ စတင်လာရောက်နေထိုင်ခြင်းဖြစ်သည်။

ထိုသို့ ဆောင်းခိုငှက်များ လာရောက်နေထိုင်မှုသည် မြန်မာနိုင်ငံ အနေဖြင့် ကမ္ဘာပေါ်ရှိ ဆောင်းခိုငှက်များ ပျံသန်းရာလမ်းကြောင်း ကိုးခု အနက် အလယ်အာရှလမ်းကြောင်း (Central Asia Flyway) နှင့် အရှေ့-အာရှ- ဩစတြေးလျလမ်းကြောင်း (East-Asia Australian Flyway)နှစ်ခုပေါ်တွင် ကျရောက်နေခြင်းကြောင့်ဖြစ်ကြောင်း အင်းတော်ကြီးအိုင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ထို့အပြင် အဆိုပါ ဧရာဝတီမြစ်လယ်ရှိ သဲသောင်ပြင်ပေါ်တွင် လာရောက်နေထိုင်လျက်ရှိသော တောင်န်းခေါင်းကြားငှက်များသည် ဆောင်းခိုငှက်မျိုးစိတ်တစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ထိုင်းနိုင်ငံ မြောက်ပိုင်း၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတောင်ပိုင်းတို့တွင် အောက်တိုဘာ လမှ ဧပြီလအတွင်း လာရောက်ဆောင်းခိုကျက်စားလေ့ရှိကာ အာရှ တိုက် အလယ်ပိုင်းတွင် သားပေါက်လေ့ရှိကြောင်းနှင့် အဓိကအားဖြင့် မြစ်များ၊ လယ်ကွင်းများနှင့် ရေလှောင်တမံများတွင် အများဆုံးတွေ့ရပြီး မြန်မာနိုင်ငံတွင် လုံးဝကာကွယ်ထားသည့် ငှက်မျိုးစိတ်ဖြစ်ကာ အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့(International Union For Conservation of Nature-IUCN)၏ စာရင်းများအရ မျိုးသုဉ်းရန် မစိုးရိမ်ရသေးသောမျိုးစိတ် (Least Concern-LC) တစ်ခုဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❂ *ကျောဖုံးမှ*

YCDC Marga Youth အသင်းနှင့် JZ Yangon အသင်း၊ Pacific Sun Far အသင်းနှင့် လက်ဝဲသုန္ဒရအသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် TG United အသင်း၊ Black Cross အသင်းနှင့် 7 Dragon အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၉) အပြီးတွင် TG United အသင်းက ၂၁ မှတ်၊ 7 Dragon အသင်းက ၂၀ မှတ်၊ JZ Yangon အသင်းက ၁၉ မှတ်၊ Pacific Sun Far အသင်းနှင့် Black Cross အသင်းတို့က ၁၇ မှတ်စီ၊ Gold Dream အသင်းက ၁၅ မှတ်၊ KKY အသင်းက ၁၁ မှတ်၊ YCDC Marga Youth အသင်းက ကိုးမှတ်၊ လက်ဝဲသုန္ဒရအသင်းနှင့် ရွှေပြည်သာယူနိုက်တက် အသင်းတို့က ခုနစ်မှတ်စီ၊ Maryar အသင်းက ခြောက်မှတ်၊ 7 Brother အသင်းက သုံးမှတ်ရရှိထားသည်။ ရဲရင့်လွင်

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## မုံရွာပညာရေးဒီဂရီကောလိပ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အားကစားပြိုင်ပွဲများကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပညာရေးဒီဂရီကောလိပ်၏ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အကြို အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းရှိ အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်နှင့် မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးတို့က ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြို အားကစားပြိုင်ပွဲများအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲတွင် ပထမဆုရရှိကြသည့်အသင်းများအား လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အမျိုးသား၊ အမျိုးသမီး Fitness Dance ပြိုင်ပွဲတွင် ပထမဆုရရှိသူများအား လည်းကောင်း၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက အမျိုးသား၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား လည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမျိုးသား၊ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးက အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

**ဂုဏ်ပြုချီးမြှင့်**

ဆက်လက်ပြီး မုံရွာတက္ကသိုလ် ပါမောက္ခချုပ်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် မုံရွာပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးတို့က အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀၊ မီတာ ၁၀၀၊ လုံတံပစ်၊ သံလုံးပစ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့်ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက မုံရွာပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးထံ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## လမ်းမတော်မြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ ပြပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ ပြပွဲနှင့်ပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီက အလက (၁) လမ်းမတော် မြမာလာခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်စိန်က အမှာစကားပြောကြားပြီး အမိမြေသစ္စာ သတင်းစုံဂျာနယ်မှ အယ်ဒီတာချုပ် ဦးသူရဇော်က ပြည်ထောင်စုနေ့စတင်ဖြစ်ပေါ်လာသည့် ပင်လုံစာချုပ်အကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်အကြောင်း၊ အနာဂတ်လူငယ်များ ထိန်းသိမ်းရမည့် မြန်မာပြည်မြေပုံအကြောင်းတို့ကို ဟောပြောပြီးနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမချိုက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်ပြီး ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရာ ပြည်ထောင်စုနေ့နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် အလက(၁) လမ်းမတော်ကျောင်းမှ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်း စာစစ်ဌာနများ၌ မီးဘေးအန္တရာယ်ကာကွယ်ရေးကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်စာစစ်ဌာနစာသင်ကျောင်းများသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းများကို ယနေ့ နံနက်ပိုင်းက လိုက်လံစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်၍ သန္ဓေ/အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့များက မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် စာစစ်ဌာနစာသင်ကျောင်းများသို့ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ စာသင်ကျောင်းဆောင်များ၊ ဝန်ထမ်းအိမ်ရာများအား မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လျှပ်စစ်အသုံးပြုလျှင် ဂရုစိုက်ဆောင်ရွက်ရမည့်အချက်များနှင့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိမှုများ စသည်တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများအား ဆွေးနွေးမှာကြား၍ မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## ဖျာပုံမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးသင်ကြားပို့ချ

**ဖျာပုံ ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားမှုဖြင့် အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ခရိုင်အဆင့်၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မအူပင်တက္ကသိုလ်မှ ပါမောက္ခ (ဌာနမှူးများ)၊ ပါမောက္ခများက ဘာသာရပ်ဆိုင်ရာ သင်ကြားပို့ချပေးခြင်းကို ယနေ့ နံနက် ၉ နာရီက ဖျာပုံမြို့ အထက(၃)ကျောင်း၌ ပြုလုပ်သည်။



မအူပင်တက္ကသိုလ်မှ ပါမောက္ခ (ဌာနမှူးများ)၊ ပါမောက္ခများက ခရိုင်အတွင်းရှိ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေးမြို့နယ်များမှ အခြေခံပညာ ဦးစီးဌာနလက်အောက်ရှိ အထက်တန်းပြဆရာ ဆရာမများနှင့်Grade 12 တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် ကျက်မှတ်လေ့လာရမည့် အကြောင်းအရာများ၊ ဘာသာရပ်အလိုက်ဖြေဆိုရာတွင် သတိပြုရမည့်အကြောင်းအရာများ၊ အချိန်ကို အကျိုးရှိရှိ လေ့လာကျက်မှတ်ကြရန် စသည့်အကြောင်းအရာများအား သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားပို့ချပေးကြသည်။

ထို့နောက် ဖျာပုံခရိုင် ပညာရေးမှူး ဦးဝင်းအောင်၊ ခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးများက လိုအပ်သည်များ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးကြပြီး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မအူပင်တက္ကသိုလ်မှ ပါမောက္ခ (ဌာနမှူး)နှင့် ပါမောက္ခ ၁၀ ဦးတို့က သင်ကြားပို့ချပေးပြီး လေ့လာသူအဖြစ် ဖျာပုံခရိုင်အတွင်းရှိ အထက်တန်းပြဆရာ ဆရာမ ၁၅၀ နှင့် ခရိုင်အတွင်းရှိ Grade- 12 ကျောင်းသား ကျောင်းသူ ၇၀၀ ကျော် တက်ရောက်သင်ယူလေ့လာကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မကွေးမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၌ မီးဘေးလုံခြုံရေးဆောင်ရွက်

**မကွေး ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၃)၌ ယနေ့ မွန်းလွဲ ၁ နာရီက မီးဘေးအန္တရာယ် ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသမှု ဆောင်ရွက်သည်။



အဆိုပါ ဟောပြောပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း (၃) ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောသည်။ ဆက်လက်၍ လက်ထောက်မီးသတ်ဦးစီးမှူး ဒေါ်သန္တာသိမ့်က မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်းနှင့် မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**သီဟစည်သူ**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာသို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာရှိ ကျောင်းသစ် ကျောင်းတိုက်၌ အခြေပြု၍ ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၅၉ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။(အပေါ်ပုံ)

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၄ ဦး၊ ခွဲစိတ်ရောဂါ ၄၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၉ ဦး၊ ကလေးရောဂါ ၄၃ ဦး၊ အရိုးရောဂါ ၁၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါရှိသူ ၉၀ နှင့် သွားနှင့်ခံတွင်းရောဂါရှိသူ ၉၀ တို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၄၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာ ၁၄ ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။





ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်–

"နား၊ နှာခေါင်း၊ လည်ချောင်းလာပြတာပါ။ ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်မတို့ဆီက ခရီးလမ်း သွားရလာရတာ ဝေးတော့ အခုလို နယ်လှည့်ဆေးကုသင်္ဘောကြီးက လာရောက်ကုသပေးတဲ့အတွက် အများကြီးအဆင်ပြေပါတယ်။ အရင်နှစ်တွေတုန်းကလည်း နယ်လှည့်ဆေးကုသင်္ဘောကြီး ဆေးလာကုပေးဖူးပါတယ်။ အဲဒီတုန်းကတော့ မျက်စိပြခဲ့ပါတယ်။ မျက်စိအတွက် မျက်စဉ်းဆေးပေးလိုက်တာနဲ့တင် ပျောက်ကင်း သက်သာသွားပါတယ်။ အစစအရာရာ အားလုံးအဆင်ပြေပါတယ်။ ဆရာဝန်တွေက စေတနာလည်းထားပြီး ကုသပေးပါတယ်။ ငွေကုန်ကြေးကျကတော့ အများကြီးသက်သာပါတယ်။ ကျွန်မတို့အနေနဲ့ ပုသိမ်မြို့အထိ ဆေးခန်းသွားပြရတာပါ။ အခုလို လာရောက်ကုသပေးတော့ ဆိုင်ကယ်လေးနဲ့ လာလိုက်ရုံပါပဲ။ လမ်းစရိတ်ကလည်း အများကြီးသက်သာပါတယ်။ ဆေးကုသစရိတ်တွေလည်း အများကြီးသက်သာသွားပါတယ်။ အခုလို လာရောက်ဆေးကုသပေးတဲ့ ဆရာဝန်၊ ဆရာမတွေ၊ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေ အားလုံးကို အများကြီး ကျေးဇူးတင်ပါတယ်" ဟု လာရောက်ပြသသူတစ်ဦး က ပြောကြားသည်။

"ကျွန်တော်က အရိုး၊ အကြောရောဂါဖြစ်လို့ လာပြတာပါ။ လေ့ကျင့်ခန်းလုပ်ဖို့ ပြောပါတယ်။ သောက်ဆေးတွေလည်း ပေးလိုက်ပါတယ်။ ကျွန်တော်က ကျောက်ကပ်အဆင့်(၄) ဖြစ်နေတဲ့အခါကျတော့ အကိုက်အခဲပျောက်ဆေး ပေးလို့ မရဘူး။ အဲဒါကြောင့် လေ့ကျင့်ခန်းတွေကို ပိုပြီးလုပ်ဖို့ ပြောပါတယ်။ ပါရဂူတွေနဲ့ ပြဖို့ဆိုတာက ကျွန်တော်တို့အနေနဲ့ ပုသိမ်တို့၊ ရန်ကုန်တို့ကို သွားမှပြလို့ ရမှာပါ။ ကျွန်တော်က တစ်ယောက်တည်း သွားပြလို့ကလည်း အဆင်မပြေဘူးလေ။ မိသားစုက လိုက်ပေးမှရတာပါ။ မိသားစုကလည်း လူနည်းတဲ့အခါကျတော့ သွားဖို့တော်တော်လေး အခက်အခဲဖြစ်ပါတယ်။ အခုလို ပါရဂူတွေလည်း စုံစုံညီညီလေး ရောက်လာပြီး ကုသမှုပေးလို့ ပြသရတာ အထူးကိုပဲ အဆင်ပြေပါတယ်။ သမားတော်ကြီးတွေ လာရောက်ပြီးတော့ ကုသပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေကိုလည်း အခုလို ကုသလို့ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်" ဟု အရိုး၊ အကြောနှင့် ကျောက်ကပ်ဝေဒနာရှင်တစ်ဦးက ပြောကြားသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး (၁၂) မြို့နယ်၌ အတက်ရောဂါ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး၌ ကျန်းမာရေးဝန်ကြီးဌာန ဦးနှောက်နှင့် အာရုံကြောဆေးကုဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့် မြန်မာနိုင်ငံအတက်ရောဂါစီမံချက်မှ ၂၀၂၅ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး မြို့နယ်(၁၂) မြို့နယ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အတက်ရောဂါ စီမံချက် အကြောင်း အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနန္ဒာဝင်းက အတက်ရောဂါ သိကောင်းစရာဖြစ်သော တက်ခြင်းနှင့် အတက်ရောဂါ၊ အတက်ရောဂါ၏ရောဂါလက္ခဏာများ၊ အတက်ရောဂါဖြစ်စေသော အကြောင်းရင်းများ၊ အတက်ရောဂါကုသခြင်း၊ အတက်ရောဂါအတွက် ဆောင်ရန်၊ ရှောင်ရန်များ၊ တက်ခြင်းကို လှုံ့ဆော်စေသောအခြေအနေများ၊ အတက်ရောဂါ၏အကျိုးဆက်များ၊ အတက်ရောဂါနှင့်ပတ်သက်သည့် လွဲမှားသောအယူအဆများ၊ တက်နေသူများအား ရှေးဦးသူနာပြုစုခြင်း အတက်ရောဂါအကြောင်းမေးလေ့မေးထရှိသော မေးခွန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အတက်ရောဂါ စီမံချက်မန်နေဂျာ ပါမောက္ခ ဒေါက်တာစမ်းဦးက မြန်မာနိုင်ငံ အတက်ရောဂါစီမံချက်အကြောင်း အသိပေးရှင်းလင်းတင်ပြပြီး အတက်ရောဂါပညာပေး ဗီဒီယိုမှတ်တမ်းကို ပြသခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် The Golden Octopus Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Wuling Bingo အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Great Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR eQ7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Premier Auto-motive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Geely Geometry C အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Zeekr X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC Arcfox αT5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ T & Z Finance Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Dagon Arr Mahn Thit Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် SAIC Maxus MIFA5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် တရုတ်နိုင်ငံထုတ် SAIC Maxus MIFA6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





ရတနာသစ်တော၊ ပြည့်သွေးကြော
သစ်တောရတနာ၊ ထိန်းသိမ်းပါ

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့်အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဇန်နဝါရီလ ၁၊ ၁၂၊ ၁၈၊ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့တို့သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)၊ ၁၅ ရက်နေ့သည် AQI Range 151–200 အတွင်းတွင်ရှိသောကြောင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unhealthy) နှင့် ကျန်ရက်များသည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unhealthy for Sensitive Groups)ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ ဇန်နဝါရီလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးမှာ အသင့်အတင့်အဆင့်၌ ၅ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၂၅ ရက်နှင့် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၁ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ**





**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ**





ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း စခန်း သုံးခုမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း သုံးခုတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း သုံးခုတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ**




**၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | ကော့သောင်း | ၆.၈ |
| ၂ | ပူတာအို | ၆.၆ |
| ၃ | ခန္တီး | ၇.၄ |

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပမည်

**ညောင်ရွှေ ဖေဖော်ဝါရီ ၄**

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင်ကျရောက်မည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက လှေပြိုင်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပြောကြားပြီး အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ ကျင်းပရေး ကော်မတီအတွင်းရေးမှူး ဦးတင်အောင်က ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဆပ်ကော်မတီများ၊ ဒိုင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်လှေအသင်းများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းနှင့် အဆိုပါ အင်းသားရိုးရာလှေလှော်ပြိုင်ပွဲတွင် အမျိုးသား လေးကျိပ်ခြောက်တက် လေးသင်း၊ အမျိုးသမီးနှစ်ကျိပ်ခြောက်တက် လေးသင်း၊ ကျောင်းသား နှစ်ကျိပ်ခြောက်တက် လေးသင်း စုစုပေါင်းပြိုင်ပွဲဝင်အသင်းပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# အစ္စရေးဝန်ကြီးချုပ် ဂါဇာကမ်းမြောင်ဒေသ ထာဝရအပစ်အခတ်ရပ်စဲရေး အမေရိကန်သမ္မတနှင့် ဆွေးနွေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ထာဝရအပစ်အခတ်ရပ်စဲရေးအပါအဝင် ဂါဇာကမ်းမြောင်ဒေသအခြေအနေများကို ဆွေးနွေးရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံခဲ့သည်။

ဝါရှင်တန်သို့ရောက်နေသော နေတန်ယာဟုသည် ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံမှုသည် မစ္စတာထရမ့် အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် အိမ်ဖြူတော်သို့ လာရောက်သည့် ပထမဆုံး နိုင်ငံခြားခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြသည်။

ခေါင်းဆောင်နှစ်ဦးသည် ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၏ ဒုတိယအဆင့် ကူးပြောင်းရေးကို ဆွေးနွေးခဲ့သည်။

သဘောတူညီချက်ဒုတိယအဆင့်တွင် အစ္စရေးတပ်ဖွဲ့များ ဂါဇာကမ်းမြောင်ဒေသမှ အပြီးတိုင်ရုပ်သိမ်းပေးရန်၊ ဖမ်းဆီးခံထားရသူအားလုံး လွှတ်ပေးရန်နှင့် ဟားမားစ်တို့နှင့် တိုက်ပွဲများ ထာဝရအဆုံးသတ်ရန် တောင်းဆိုသွားမည်ဖြစ်သည်။

အစ္စရေးသုတေသနဌာန၏ လွန်ခဲ့သောလက ကောက်ယူခဲ့သောစစ်တမ်းများအရ နိုင်ငံအတွင်းရှိ စစ်တမ်းဖြေဆိုသူ ၂၄ ရာခိုင်နှုန်းသည် သဘောတူညီချက်ဒုတိယအဆင့်ကို ဆန့်ကျင်ကြောင်းသိရှိခဲ့ပြီး ၅၂ ရာခိုင်နှုန်းက ထောက်ခံကြောင်း ဖော်ပြထားသည်။

အစ္စရေးနှင့် ဟားမားစ်တို့သည် လက်ရှိတွင် သီတင်းပတ်ခြောက်ပတ်ကြာ သဘောတူညီချက်၏ ပထမအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

အမေရိကန်အစိုးရ၏ ဖျောင်းဖျပြောဆိုမှုကြောင့် အစ္စရေးသည် အပစ်အခတ်ရပ်စဲရေးကို တစ်စိတ်တစ်ပိုင်း သဘောတူခဲ့သည်။



အစ္စရေးနိုင်ငံအနေဖြင့် အစ္စလာမ္မစ်အုပ်စုကို အပြီးတိုင်ဖျက်ဆီးနိုင်သည့် တိုက်ပွဲများကို အဆုံး သတ်ရန် တွန့်ဆုတ်နေကြောင်း နေတန်ယာဟုက ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**



ဟော့ကိုင်းဒိုးခရိုင် စပ်ပိုရိုမြို့ ဆင်ခြေဖုံးဒေသ၌ ဆီးနှင်းများဖုံးလွှမ်းနေသော လမ်းတစ်ခုကို ဖေဖော်ဝါရီ ၄ ရက်က တွေ့ရစဉ်။

# ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးခရိုင်၌ စံချိန်တင် ဆီးနှင်းကျဆင်း

**တိုကျို ဖေဖော်ဝါရီ ၄**

ဂျပန်နိုင်ငံ၌ လျင်မြန်စွာ အားကောင်းလာသော လေဖိအားနည်းရပ်ဝန်းတစ်ခုကြောင့် ဟော့ကိုင်းဒိုးခရိုင်၌ စံချိန်တင် ဆီးနှင်းကျဆင်းမှု ဖြစ်ပွားခဲ့ကြောင်း၊ ထို့အပြင် ခရိုင်ရှိ အိုဘီဟီရိုမြို့၌ တစ်မီတာကျော်သည့် ဆီးနှင်းဖုံးလွှမ်းမှု ဖြစ်ပွားခဲ့ကြောင်းလည်း အင်န်အိတ်ချ်ကေ သတင်း၌ ဖော်ပြသည်။

ဖေဖော်ဝါရီ ၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ အိုဘီဟီရိုမြို့၏ ဆီးနှင်းထုမှာ ၁ ဒသမ ၂ မီတာ စံချိန်တင်ရှိခဲ့သည်။ မီမူရိုနှင့် ဟွန်ဘက်ဆုအပါအဝင် အခြားဒေသများတွင်လည်း စံချိန်တင်ဆီးနှင်းကျဆင်းမှု ဖြစ်ပွားခဲ့သည်။ ဟော့ကိုင်းဒိုးခရိုင်ရှိ ဒေသ ၄၄ ခုရှိ အစိုးရမူလတန်းကျောင်းနှင့် အလယ်တန်းကျောင်း စုစုပေါင်း ၃၇၉ ကျောင်းကို ယာယီပိတ်ထားရသည်။

အပြင်းထန်ဆုံးအအေးလှိုင်း ဝင်ရောက်လာသည်နှင့် အမျှ ဟွန်ရှူးကျွန်း၌ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနိုင်ဖွယ်ရှိကြောင်း၊ သယ်ယူပို့ဆောင်ရေးကို ထိခိုက်စေနိုင်ကြောင်း၊ နှင်းမုန်တိုင်းနှင့် လှိုင်းကြီးနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက သတိပေးထားသည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်ကာကွယ်ရေးဝန်ကြီး တောင်ပိုင်းနယ်စပ်ကိုစစ်ဆေး တရားမဝင် လူဝင်မှုကို ကိုင်တွယ်သွားမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

အမေရိကန်ကာကွယ်ရေးဝန်ကြီး ပီးသ်ဟက်ဆက်သ်က မက္ကဆီကိုနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံတောင်ပိုင်းနယ်စပ်ကို သွားရောက်စစ်ဆေးခဲ့ပြီး အမေရိကန်တပ်မတော်က တရားမဝင် လူဝင်မှုပြဿနာကို ဖြေရှင်းရန် အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ကာကွယ်ရေး ဝန်ကြီး ဟက်ဆက်သ်သည် ဖေဖော်ဝါရီ ၃ ရက်က တက္ကဆက်ပြည်နယ် အယ်ပါဆိုမြို့သို့ သွားရောက်ကာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက ပံ့ပိုးအားဖြည့်ထားသော တပ်ဖွဲ့တစ်ဖွဲ့ကို စစ်ဆေးခဲ့သည်။ ထရမ့်သည် နယ်စပ်လုံခြုံမှု နိုင်ငံလုံခြုံမည်ဟု ယုံကြည်ထားကြောင်း ၎င်းက ပြောသည်။

ထို့အပြင် အမေရိကန်သို့ တရားမဝင်ဝင်ရောက်လာသူများကို ကျူးဘားနိုင်ငံ ဂွာတာနာမိုရှိ အမေရိကန်အခြေစိုက်စခန်း၌ ထားရှိသွားမည်ဖြစ်ပြီး နယ်စပ်ထိန်းချုပ်ရေးတွင် အမေရိကန်ကို မကူညီပါက မက္ကဆီကိုကို အခွန်စည်းကြပ်မည်ဟု ထရမ့်က ပြောကြားထားသည်။

မက္ကဆီကိုအစိုးရက နယ်စပ်လုံခြုံရေးအတွက် တပ်ဖွဲ့ဝင် ၁၀၀၀၀ ကို ဖြန့်ကြက်ချသွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။ **အင်န်အိတ်ချ်ကေ**



# အာဖရိကဦးချိုဒေသ၌ နေရပ်စွန့်ခွာသူ သန်း ၂၀ ကျော်ရှိ



**နိုင်ရိုဘီ ဖေဖော်ဝါရီ ၄**

အာဖရိကဦးချိုဒေသ၌ ပြည်တွင်းနေရပ်စွန့်ခွာသူ (အိုင်ဒီပီ) အရေအတွက်မှာ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၂၀ ဒသမ ၇၅ သန်းအထိ မြင့်တက်ခဲ့ကြောင်း ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့က ဖေဖော်ဝါရီ ၄ ရက်တွင် ပြောသည်။

ပြည်တွင်းနေရပ်စွန့်ခွာသူ အရေအတွက်မှာ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ၂၀ ဒသမ ၄၂ သန်းရှိရာမှ နှစ်ကုန်ပိုင်းတွင် မြင့်တက်လာခြင်းဖြစ်ကြောင်း ကုလသမဂ္ဂရွှေ့ပြောင်းနေထိုင်ရေး အေဂျင်စီက ပြောသည်။ ထိုကဲ့သို့ မြင့်တက်လာရခြင်းမှာ ဆူဒန်နိုင်ငံ၌ ပဋိပက္ခဖြစ်ပွားမှုကြောင့် ရွှေ့ပြောင်းနေထိုင်သူများ တစ်ဟုန်ထိုးမြင့်တက်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

မဟာအာဖရိကဦးချိုဒေသ၌ ဒုက္ခသည်နှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ အရေအတွက်မှာ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ၅ ဒသမ ၁ သန်းသာရှိသော်လည်း နှစ်ကုန်ပိုင်းတွင် ၅ ဒသမ ၅ သန်းခန့်အထိ မြင့်တက်လာကြောင်း အဆိုပါအေဂျင်စီက ပြောသည်။ **ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံ၌ နွေရာသီကာလတွင် တတိယအကြိမ်မြောက် ငါးမန်းတိုက်ခိုက်ခံရမှုဖြစ်ပွား

**ဆစ်ဒနီ ဖေဖော်ဝါရီ ၄**

ဩစတြေးလျနိုင်ငံ ကွင်းစ်လန်းဒ်ကမ်းရိုးတန်း ဘရစ်ဘီးကျွန်းကမ်းခြေ၌ အသက် ၁၇ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦး ငါးမန်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၄ ရက်က ဖော်ပြထားသည်။

အခင်းဖြစ်ပွားရာနေရာသို့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် အရေးပေါ်အဖွဲ့များ လာရောက်ခဲ့သော်လည်း အမျိုးသမီးငယ်မှာ ရရှိခဲ့သောဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း ကွင်းစ်လန်းဒ် ရဲတပ်ဖွဲ့က ပြောကြားလိုက်သည်။

နောက်ထပ် တစ်စုံတစ်ရာကြေညာချက် မထုတ်ပြန်ခင်အချိန်ထိ အဆိုပါကမ်းခြေကို ပိတ်ထားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ လတ်တလောနွေရာသီကာလတွင် တတိယအကြိမ်မြောက် ငါးမန်းတိုက်ခိုက်ခံရခြင်းဖြစ်သည်။ **ဆင်ဟွာ**

## မြိတ်တက္ကသိုလ်တွင် ခရုကမာသားဖောက်မွေးမြူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် စားကမာ သားဖောက်မွေးမြူရေး သင်တန်းဆင်း

**မြိတ် ဖေဖော်ဝါရီ ၄**

မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ဆောင်ရွက်လျက်ရှိသော ဒေသအကျိုးပြု အသုံးချသုတေသနဖြစ်သည့် ခရုကမာသားဖောက်မွေးမြူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် စားကမာသားဖောက်မွေးမြူရေး သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၃ ရက်က မြိတ်တက္ကသိုလ် ပုလဲသစ္စာခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဆင်းပွဲတွင် မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နေသွယ်ကြည်က အမှာစကားပြောကြားပြီး အဏ္ဏဝါသိပ္ပံဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာ ချယ်ရီအောင်က ခရုကမာ သားဖောက်မွေးမြူရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အဏ္ဏဝါသိပ္ပံဌာနမှ ကထိက ဒေါက်တာ အောင်အောင်အေးက စားကမာ သားဖောက်မွေးမြူရေး သင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသားသုံးဦးက သင်တန်းအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုကြသည်။ ဆက်လက်၍ သင်တန်းသားများကို တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်စိုးက နိဂုံးချုပ်အမှာစကားပြောကြားသည်။



အဆိုပါသင်တန်းတွင် စားကမာသားဖောက်မွေးမြူနည်း၊ အစာမွေးမြူနည်းကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား ၁၃ ဦး တက်ရောက်ကာ သင်တန်းကာလ ၁၀ ရက် ကြာမြင့်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းကို ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြိတ်တက္ကသိုလ်တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ဒေသအကျိုးပြု အသုံးချသုတေသနများကိုလည်း တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် သုတေသနရန်ပုံငွေ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## မိုင်းယောင်းမြို့နယ်၌ စိုက်ပျိုးမြေကေများကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်တံတားများ ဖောက်လုပ်ပြီးစီး

**မိုင်းယောင်း ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ယမ်းပုံးကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ကျေးလက်ကုန်ထုတ်တံတားများ ဖောက်လုပ်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း၊တံတားများ ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၅၃၃သန်းဖြင့် ၂၀၂၄ နှစ် ဩဂုတ်လမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ယမ်းပုံးကျေးရွာနှင့် ဝမ်မန်းကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာမြေကေများမှ ထွက်ရှိသော စိုက်ပျိုးသီးနှံ ထွက်ကုန်၊ ထုတ်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယမ်းပုံးကျေးရွာတွင် အရှည်ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒုကိုးလက်မရှိ ယမ်းပုံး-ဝမ်မန်း ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ယင်းလမ်းပေါ်တွင် မြောင်းကူးတံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေပြွန်တံတားသုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်နှင့် ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **မောင်ခိုင်**



## မှော်ဘီမြို့နယ် ကြာကန်စု ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်း

**မှော်ဘီ ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကြာကန်စုကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းသည် အရှည် ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင် ငွေကျပ်သိန်း ၃၀ စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၁၈၀ ဖြင့် ယခုနှစ် ဇန်နဝါရီလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ကြာကန်စုကျေးရွာ မင်္ဂလာချယ်ရီလမ်းကို ကွန်ကရစ်ခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်**

## ချောင်းဆုံမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

**ချောင်းဆုံ ဖေဖော်ဝါရီ ၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ သဘာဝသစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်ရေးနှင့် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင် ဖြစ်ပေါ်လာရေးအတွက် မော်လမြိုင်(တွဲဖက်) ချောင်းဆုံမြို့နယ် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချနိုင်ရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက်က မုနိုင်းကျေးရွာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ချောင်းဆုံမြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဟိန်းထွဋ်ဘုန်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးတို့က မီးခိုးမြူငွေ့လျှော့ချရေး၊ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး သိကောင်းစရာများ အသိပညာပေးဆွေးနွေးဟောပြောသည်။ **မြို့နယ်(ပြန်/ဆက်)**



## မိုင်းပျဉ်းမြို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင်နှင့် သားသတ်လိုင်စင် လေလံတင်ရောင်းချ

**မိုင်းပျဉ်း ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင်နှင့် သားသတ်လိုင်စင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပွဲကို အဆိုပါ



ရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြည်နယ်စည်ပင်သာယာရေးဌာနခွဲ ကျိုင်းတုံမြို့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မေနှင့် မိုင်းပျဉ်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုင်းထွန်းစိန်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ မိုင်းပျဉ်းမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင် စည်းကမ်းချက်များနှင့် သားသတ် စည်းကမ်းချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် လိုင်စင်ဆွဲရန် လာရောက်လျှောက်ထားသူများက သိရှိလိုသည်များ မေးမြန်းကြရာ စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင်များဖြစ်သော မြို့ဝင်၊ မြို့ထွက်ဘီးကောက်၊ မြို့မပျံကျဈေးကောက်နှင့် သားသတ်လိုင်စင်များဖြစ်သော မြို့မ အမဲ၊ ဝက်၊ ကျေးလက်အမဲ၊ ဝက် ရောင်းချခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm
၄။ Myawady Webportal
https://myawady.net.mm
၅။ Myanmar National Portal
https://myanmar.gov.mm

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံပြည်သူ့အငှားအိမ်ရာဖွင့်

**ဘားအံ ဖေဖော်ဝါရီ ၄**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ ခုနှစ်ပြည်နယ်ဘဏ္ဍာငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၉၃၂ ဒသမ ၈၈၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူ တည်ဆောက်သော သုံးခန်းတွဲငါးထပ် ပြည်သူ့အငှားအိမ်ရာတစ်လုံးဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ဘားအံမြို့ အမှတ် (၂) ရပ်ကွက် အင်းလေးလမ်းရှိ အဆိုပါအိမ်ရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဘားအံပြည်သူ့အငှားအိမ်ရာတွင် နေထိုင်ကြမည့် ပြည်သူများအနေဖြင့် မိမိတို့နေထိုင်သည့် အိမ်ရာကို မိမိတို့ကိုယ်ပိုင်အိမ်ကဲ့သို့ အိမ်ငှားစည်းကမ်းများနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ကြစေလိုပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့်လည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အိမ်ရာများကို ထိန်းသိမ်းစောင့်ရှောက်ကြပ်မတ် ဆောင်ရွက်သွားစေလိုကြောင်း အမှာစကား ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သုံးခန်းတွဲငါးထပ် ပြည်သူ့အငှားအိမ်ရာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ဝဲပုံ) အဆောက်အအုံ၊ ကွန်ကရစ်လမ်း၊ လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မက်မန်းမြို့၌ (၂၉)ကြိမ်မြောက် လားဟူစာပေနှင့်ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်ကျင်းပ

**မက်မန်း ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့၌ (၂၉)ကြိမ်မြောက် လားဟူစာပေနှင့်ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်နှင့် လက်ဆေးမင်္ဂလာ ဂါရဝပြုကန်တော့ခြင်းကို ယနေ့နံနက်ပိုင်းက ကွန်ဟောင်းလားဟူဘုရားကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရင်းသားလူငယ်များက လားဟူတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး မက်မန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်းက လားဟူတိုင်းရင်းသား ရိုးရာစုပေါင်း နှစ်သစ်ကူးပွဲတော်အတွက် နှစ်သစ်မင်္ဂလာ အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး ကွန်ဟောင်း လားဟူ တိုင်းရင်းသားလူငယ်အဖွဲ့မှ ရိုးရာယဉ်ကျေးမှု အကများဖြင့် ကပြဖျော်ဖြေခဲ့ကာ မက်မန်းမြို့နယ် လားဟူတိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင် ဆရာမဒေါ်သီတာထွန်းက နှစ်သစ်ကူးပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ဖတ်ကြားခဲ့သည်။ ထို့နောက် မက်မန်းမြို့နယ် လားဟူရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင် ဦးယောနက ကျေးဇူးတင်စကား ပြောကြားသည်။



အဆိုပါ ပွဲတော်ကို မက်မန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နေထိုင်ကြသော လားဟူတိုင်းရင်းသားများက မိမိတို့ရိုးရာအစဉ်အလာများ မပျောက်ပျက်စေရေးအတွက် နှစ်စဉ်လားဟူ ရိုးရာနှစ်သစ်ကူးပွဲတော်နှင့် လက်ဆေးမင်္ဂလာဂါရဝပြု ကန်တော့ခြင်းများကို လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ကြီးမှူးပြီး လားဟူတိုင်းရင်းသားများစုပေါင်းကာ ဌာနဆိုင်ရာများအား ဖိတ်ကြား၍ ရိုးရာလက်ဆောင်များ ပေးအပ်ခြင်း၊ လားဟူရိုးရာ အကများဖြင့် ဖျော်ဖြေခြင်းများ ဆောင်ရွက်ခဲ့သည်။

**တီတီ(မက်မန်း)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောက်တန်းမြို့၌ ကွန်ကရစ်လမ်းသစ်ဖွင့်

**ကျောက်တန်း ဖေဖော်ဝါရီ ၄**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ ရွှေကုန်းရပ်ကွက်ရှိ ကံဦးလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဦးက လမ်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ပြောကြားပြီး မြို့နယ်စည်ပင်သာယာအဖွဲ့၏ ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

အဆိုပါလမ်းမှာ ပျက်စီးနေခြင်းကြောင့် ရပ်ကွက်နေပြည်သူများ၊ ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် လမ်းအရှည် ၃၂၅ ပေ၊ အကျယ် ၁၆ ပေ၊ ဒု ကိုးလက်မကို ကွန်ကရစ်လမ်းအဖြစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၉၁၂ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၉

# သာယာဝတီမြို့နယ် စစ်ကွင်းကလေးကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီး

**သာယာဝတီ ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချောင်းသုံးခွကျေးရွာအုပ်စု စစ်ကွင်းကလေးကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စစ်ကွင်းလေးကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း အတိုးရငွေကျပ်သိန်း ၉၀ ကိုအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာတွင်းလမ်း အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မရှိဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းနှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ဇန်နဝါရီလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနိုင်မင်းထွန်းနှင့်ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် စနစ်တကျထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

၂၂၂



# ဖြူးမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် မီးခိုး၊ မြူငွေ့လျှော့ချရေး အသိပညာပေး

**ဖြူး ဖေဖော်ဝါရီ ၄**

ဖြူးမြို့နယ် အထက(၂)ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုး၊ မြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မြို့နယ်သစ်တောဦးစီးဌာနမှ ဖေဖော်ဝါရီ ၄ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးအောင်ကျော်မိုးက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုး၊ မြူငွေ့လျှော့ချရေးဆိုင်ရာများကို အသိပညာပေးဟောပြောရာ ဖြူးမြို့နယ် မီးသတ်ဦးစီးမှူး ဦးချမ်းဟိန်းလင်း၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ဓနုဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေး

**ဓနုဖြူ ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ သိပ္ပံတွဲနှင့် ဝိပ္ပံတွဲဘာသာရပ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ပညာ့ဗိမာန်ခန်းမ၌ ဝိဇ္ဇာတွဲဘာသာရပ်တို့ကို မအူပင်တက္ကသိုလ်မှ လာရောက်ဆွေးနွေးပို့ချသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးလှငွေးတို့က အမှာစကား ပြောကြားသည်။ ထို့နောက် မအူပင်တက္ကသိုလ် သတ္တဗေဒပါမောက္ခ(ဌာနမှူး)ဒေါက်တာစန်းစန်းရီနှင့် ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက ဆရာကြီး ဆရာမကြီးများနှင့် မြို့နယ်ပညာရေးမှူးတို့က မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ Grade- 12 ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၄၂၅ ဦးအား ဘာသာရပ်အလိုက် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် သာသနာ့ဂုဏ်ရည်ချမ်းသာကြီး ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ သြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဗန်းစက်မှုဇုန် (၂၃)ရပ်ကွက် သာသနာ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ သြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) သက်တော်(၉၀)၊ သိက္ခာ ဝါ(၇၀)ရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၇ ရက် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"နိုင်ငံရပ်ခြားတွင် အခြေကျနေကုန်သော တော်လှန်ရေးဗန်းပြသူများ"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"NUG ကလည်း တော်လိမ်ရေးရန်ပုံငွေ အဝေမတည့်၊ PDF ကလည်း ဓားပြတိုက်လို့ရတဲ့ငွေ အဝေမတည့်နဲ့ အချင်းချင်း ချောက်ချနေတဲ့ နိုင်ငံရေးဗန်းပြများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပေါက်မြို့နယ် ကျောက်လုံးကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ပြည်သူတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကျောက်လုံးကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ပြည်သူတစ်ဦးအား ဖမ်းဆီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျေးရွာများအတွင်း ဝင်ရောက်၍ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများအား ဥပဒေမဲ့ဖမ်းဆီးခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအား အနိုင်ကျင့်ခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှု မရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများ အသိပင်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘိုကလေးမြို့နယ်ရှိ ဈေးများ၌ မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်

**ဘိုကလေး ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများဖြစ်ကြသော မြို့မဈေးကြီးနှင့် အောင်သပြေဈေးတို့အား မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများပူးပေါင်းကာ ယနေ့ မွန်းလွဲပိုင်းက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဈေးသူဈေးသားများအား မီးဘေးလုံခြုံရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ်ကာကွယ်တားဆီးနိုင်ရေးအတွက် လိုက်နာရမည့်အချက်များ အသိပညာပေးခြင်းတို့ ဆောင်ရွက်ပြီး ဈေးအတွင်း၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှုအခြေအနေ၊ မီးသုံးစွဲမှုအခြေအနေနှင့် မီးဘေးတားဆီးကာကွယ်ရေး ပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများ စစ်ဆေးခဲ့ကြကြောင်း သိရသည်။



**မိုးစက်(ဘိုကလေး)**

❖ *ကျောဖုံးမှ*

ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းကလည်း ပြီးခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို နှစ်ဦးအပြောင်းအလဲပြုလုပ်ကာ ချယ်ဆီးအသင်းကို ရင်ဆိုင်လာခဲ့သည်။

ချယ်ဆီးအသင်းရော ဝက်စ်ဟမ်းအသင်းပါ အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းနိုင်ရေး ခြေကုန်ထုတ်လာသည့်အတွက် ပွဲစသည်နှင့်တစ်ပြိုင်နက် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ ပွဲကစားချိန် ၄၂ မိနစ်တွင် ဝက်စ်ဟမ်းအသင်းမှ အားထားရသည့် တိုက်စစ်ကစားသမား ဘိုဝင် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူ ပေးနိုင်ခဲ့သည်။

ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် ချယ်ဆီးအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲကစားချိန် ၆၄ မိနစ်တွင် နီတိုက ချေပဂိုးသွင်းယူပေးခဲ့သည်။ ပွဲကစားချိန် ၇၄ မိနစ်တွင် ဝက်စ်ဟမ်းအသင်း ခံစစ်ကစားသမား ဝမ်ဘစ်ဆာကာ ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ ချယ်ဆီးအသင်း ဒုတိယဂိုးရရှိခဲ့သည်။

ထို့နောက် နှစ်သင်းစလုံး လူစားလဲမှုများ ပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ချယ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **အောင်ဇော်**

## နိုင်ငံတော်သြဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ သြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌဆရာတော် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဗန်းစက်မှုဇုန် (၂၃)ရပ်ကွက် သာသနာ့ဂုဏ်ရည်ချမ်းသာကြီး ကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တပညိဿရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် သရက်ကန်ကျေးရွာ ခမည်းတော် ဦးပေါကူ + မယ်တော် ဒေါ်ဖွားမြူတို့မှ ၁၂၉၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့တွင် ရေဦးမြို့ ချမ်းသာကြီး ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြုလျက် ရေဦးမြို့နယ် သရက်ကန်ကျေးရွာ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၆ ခုနှစ် ပြာသိုလဆန်း ၈ ရက်နေ့တွင် ရေဦးမြို့ ချမ်းသာကြီး ပါဠိတက္ကသိုလ်ကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ရေဦးမြို့နေ ဦးထွန်းရှိန်+ဒေါ်ခတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရေဦးမြို့နယ် ကွမ်းအုံကျေးရွာ အောင်ဘုံကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တ၊ ရေဦးမြို့ ချမ်းသာကြီး ပါဠိတက္ကသိုလ်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စနှင့် စာချဆရာတော်များ၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တနာယက၊ ဈေးကျောင်းဆရာတော်နှင့် စာချဆရာတော်များ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစာရိန္ဒာဘိဝံသနှင့် စာချဆရာတော်များ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသနှင့် စာချဆရာတော်များ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၉၅၄ခုနှစ်တွင် **"သာသနဓဇသိရီပဝရဓမ္မာစရိယ"** ဘွဲ့ကိုလည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် **"သက្យသီဟဓမ္မာစရိယ"** ဘွဲ့ကိုလည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် "အဘိဓမ္မပါဠိပါရဂူ"ဘွဲ့ကိုလည်းကောင်း ရရှိတော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဗန်းစက်မှုဇုန် (၂၃)ရပ်ကွက် သာသနာ့ဂုဏ်ရည် ချမ်းသာကြီးကျောင်းတိုက်၌ စာသင်သား ရဟန်းသာမဏေတို့အား စာပေကျမ်းဂန်များသင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ အင်္ဂုတ္တိုရ်ပါဠိတော် (၁၁)ကျမ်း၏ အနက်အဓိပ္ပာယ် အကျယ်အဖွင့်ကျမ်း ငါးတွဲ၊ သုတ်မဟာဝဂ္ဂဋီကာ၊ နိဿယ အဓိပ္ပာယ် အကျယ်အဖွင့်ကျမ်း ပ၊ ဒုတွဲတို့ကို ရေးသားပြုစုတော်မူခဲ့ခြင်း၊ တိပိဋကပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ အစိုးရနိကာယ်စာမေးပွဲ ပုစ္ဆက၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်း နည်းပြအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော် သြဝါဒါစရိယ၊ တိပိဋကဓရ တိပိဋကကောဝိဒ သြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနမုရာဝဟဂုဏ်၊ လဇ္ဇီပေသလသိက္ခာ ကာမဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာ ဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၉ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် **"အဘိဓဇ မဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၀)နှစ်၊ သိက္ခာ ဝါ(၇၀)အရ ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၇ ရက်၊ (၄-၂-၂၀၂၅)ရက်၊ အင်္ဂါနေ့ နံနက် (၁၀:၁၅) အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# လက်ပံတန်းမြို့ လောကဥသျှောင်မြဘုန်းရောင်စေတီတော်မြတ်ကြီး၏ (၁၂၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

**လက်ပံတန်း ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ကျက်သရေဆောင် လောကဥသျှောင် မြဘုန်းရောင် စေတီတော်မြတ်ကြီး၏ (၁၂၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်ရာ စွယ်တော်တိုက်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ (ယာပုံ)

ထို့နောက် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုကန်တော့၍ မဟာဗောဓိဝံကျောင်းတိုက် ဦးစီးနာယက ဆရာတော် ဘဒ္ဒန္တမဟိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ သံဃာတော်အရှင်သူမြတ်တို့က စေတီတော်မြတ်ကြီးနှင့် ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနားပြုလုပ်ပြီး မဟာပဋ္ဌာန်း ပူဇော်၍ ပွဲတော်ကို ဖွင့်လှစ်သည်။

လောကဥသျှောင်မြဘုန်းရောင်စေတီတော်မြတ်ကြီး၏ (၁၂၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၃ ရက်အထိ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်အား မြို့နယ်အတွင်း လှည့်လည်အပူဇော်ခံခြင်း၊ ဖေဖော်ဝါရီ ၅ ရက်မှ ၁၂ ရက်အထိ တောင်ပြုန်းပွဲကျင်းပခြင်း၊ ထမနဲထိုးပွဲကျင်းပခြင်း၊ ဆရာတော်ကြီးများ၏ တရားပွဲမွေ့သဘင်များဖြင့် အစဉ်အလာမပြတ် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# မိတ္ထီလာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိကိုင်ဆောင်စေရေး မြေပြင်ကွင်းဆင်းဆောင်ရွက်

**မိတ္ထီလာ ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိကိုင်ဆောင်စေရေး မြေပြင်ကွင်းဆင်း ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီလ ၃ ရက်မှစတင်၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။



မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံးတို့ပူးပေါင်း၍ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိကိုင်ဆောင်စေရေး မြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် အိမ်ထောင်စု အမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း အစီအစဉ်တကျ ဖြည့်သွင်းခြင်း၊ မြေပြင်တွင် နေထိုင်မှု ရှိ မရှိ စိစစ်ခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းတွင် ပါဝင်သော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများကို စိစစ်ခြင်း၊ စာရင်း၌ မပါဝင်ဘဲ မည့်သည့်လက်မှတ်မျှ ကိုင်ဆောင်ခြင်း မရှိသောသူများနှင့် အိမ်ထောင်စုစာရင်း မရှိသူများအား ပန်းခင်းစီမံချက် အဆင့်(၃)အရ အိမ်ထောင်စုစာရင်း ထုတ်ပေးရန်နှင့် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရန်အတွက် စာရင်း ကောက်ယူခြင်းများကို ဖေဖော်ဝါရီ ၃ ရက်မှစ၍ မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရမည်းသင်း ဖေဖော်ဝါရီ ၄**

ရမည်းသင်းခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ လေပြင်းဘေးကြိုတင်ပြင်ဆင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးအေးမင်းသူနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်က အမှာစကား ပြောကြားပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးအေးမင်းသူက လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးအတွက် နေအိမ်များအားဖြည့်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့သည်။ အဆိုပါလေပြင်းဘေးကြိုတင်ပြင်ဆင်ရေးအတွက် ရမည်းသင်းမြို့နယ်အတွင်း လေပြင်းဘေးကျရောက် နိုင်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄ အုပ်စုမှ ကျေးရွာပေါင်း ၄၃ ရွာရှိ ခိုင်ခံ့မှုမရှိသော နေအိမ်များအား အားဖြည့်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# လယ်ဝေးမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**လယ်ဝေး ဖေဖော်ဝါရီ ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပို့လျှံရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးလက်လမ်းတည်ဆောက်ခြင်းလုပ်ငန်းခွင်များသို့ ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။ ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦးက တိုင်း/ခရိုင်/မြို့နယ်တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ လမ်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ **ဝေကြည်(ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်၌ ဆိုလာစနစ်သုံးစက်ရေတွင်းရေဖြင့် နွေစပါးစတင်စိုက်ပျိုး

**ပုသိမ် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မဂူကျွန်းကျေးရွာအုပ်စု မဂူကျွန်းကျေးရွာရှိ တောင်သူ ဦးသောင်းကြည်ပိုင် ကွင်းအမှတ်(၁၇၈)(D)၊ ဦးပိုင်အမှတ်(၂/၁)တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် တပ်ဆင်သော သုံးလက်မ စက်ရေတွင်းမှ ရေထုတ်ယူသုံးစွဲ၍ ဆင်းသုခစပါး ၁၄ ဒသမ ၅ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

"ကျွန်တော်တို့ကွင်းက နှစ်စဉ်ရေကြီးနစ်မြုပ်တဲ့ ဒေသဖြစ်ပြီး ရေကျနောက်စိုက်စပါးပဲ စိုက်ရလို့ အောင်ရေချိန်ဆို ရေလိုအပ်ချက် ရှိပါတယ်။ အခုလိုစက်ရေတွင်း တူးဖော်ပေးတဲ့အပြင် ကုန်ကျစရိတ် သက်သာတဲ့ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ကိုပါ တပ်ဆင်ပေးတဲ့အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်" ဟု တောင်သူ ဦးသောင်းကြည်က ပြောကြားသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**



# ရေမွန်းသောမွေးကင်းစကလေးအား အသက်ကယ်ပြုစုခြင်းသင်တန်းဖွင့်

**ပြည် ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ရေမွန်းသော မွေးကင်းစကလေးအား အသက်ကယ်ပြုစုခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ပြည်မြို့၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်းက အမှာစကား ပြောကြားသည်။ အဆိုပါသင်တန်းကို သုံးသုတ်ခွဲ၍ ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မြို့နယ် ၁၄ ခုမှ အမျိုးသမီး ကျန်းမာရေးဆရာမကြီးများနှင့် သားဖွားဆရာမ သင်တန်းသား သင်တန်းသူပေါင်း ၅၈၃ ဦး တက်ရောက်ကာ သင်တန်းတွင် မွေးကင်းစ အထူးကုဆရာဝန်ကြီးများက မွေးပြီးပြီးချင်း ကလေးအား သမားရိုးကျပြုစုစောင့်ရှောက်ခြင်း၊ အသက်မရှူ/မငိုသော ကလေးအား အဖိုးတန်မိနစ်အတွင်းမှ အသက်ကယ်ပြုစုစောင့်ရှောက်ခြင်း၊ လေအိတ်နှင့် မျက်နှာဖုံးစနစ်တကျအသုံးပြုပြီး အသက်ကယ်ပြုစုခြင်း၊ အဆင့်မြင့်ပြုစုစောင့်ရှောက်မှု လိုအပ်သည့် ကလေးများကို အချိန်မီဆုံးဖြတ်၍ လွှဲပြောင်းညွှန်းပို့နိုင်ရန် စီမံခြင်း စသည့် မွေးကင်းစကလေး ကျန်းမာရေးဆိုင်ရာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# ၂ ခန်းတွဲ ၃ ထပ်ခွဲတိုက် အမြန်ရောင်းမည်

ပေ ၄၀x ပေ ၆၀ မြေပေါ်မှာ အာရ်စီစီ ၂ ခန်းတွဲ ၃ ထပ်ခွဲတိုက် ပိုင်ရိုက်/ထုထည် ၉ လက်မ အုတ်ရိုးဖြင့် တည်ဆောက်ထားပြီး ရေမီးအစုံ လူနေရန်အဆင်သင့်၊ ဘီစီစီကျပြီး၊ အမည်ပေါက်ပါ ဆောင်ရွက်ပေးမည်။ လူလည်းနေ၊ ဆိုင်ခန်း၊ ပွဲရုံဖွင့်လို့ရသည့် တိုက်သစ် ၅ လုံးကို ပထမအရစ် ၅၀ % ပေးချေပြီး ကျန် ၅၀ % ကို ၈ လ အရစ်ကျစနစ်ဖြင့် ရောင်းချပေးပါမည်။ ဘဏ်နှင့် ချိတ်ဆက်၍လည်း ဝယ်ယူနိုင်ပါသည်။

တည်ငးကုန်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမာန်လက်ကားဈေးသစ်ကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (အလွန်အံ့သြဖွယ်ကောင်းသော ဈေးနှုန်းဖြင့် တိုက်သစ် ၅ လုံးမျှကိုသာ ရောင်းချပေးပါမည်။ ဦးရာလူရစေရမည်။)

**ဆက်သွယ်စုံစမ်းရန်။ ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၅၁၅၉၁၃၄၊ ၀၉-၄၂၈၆၂၄၃၆၃**


## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊နည်းဥပဒေ-၂၂)**
**စစ်တွေမြို့နယ်တရားရုံးတော်**
**၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁**

| | | |
|---|---|---|
| ဦးသန်းထွန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခိုင်စိုးလင်း) | နှင့် | ၁။ ဦးခင်မောင်အေး ၂။ ဒေါ်မဲညိုဦး |
| **တရားနိုင်** | | **တရားရှုံးများ** |

၁။ ဦးမောင်ခင်အေး၊ အမှတ်(၄)၊ (ဃ)တန်း၊ အကွက်(၂)၊ မင်းဂံရပ်ကွက်၊ စစ်တွေမြို့နေသူ (ယခုနေရပ်လိပ်စာမသိ)နှင့် ၂။ ဒေါ်မဲညိုဦး ၊ အမှတ်(၄)၊ (ဃ)တန်း၊ အကွက်(၂)၊ မင်းဂံရပ်ကွက်၊ စစ်တွေမြို့နေသူ(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

စစ်တွေမြို့နယ်တရားရုံးတော်၏ တရားမကြီးမှုအမှတ် ၁၁/၂၀၀၃၊ တရားလို ဦးမောင်သန်းထွန်းနှင့် တရားပြိုင် ဦးမောင်ခင်အေးပါ(၂)အမှုတွင် (၁၁-၁-၂၀၀၅) ရက်က ရရှိခဲ့သည့် ဒီကရီအား အတည်ပြုပေးပါရန် ဇာရီမှုဖွင့်လှစ် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်၊ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ရက် (၁၃၈၆ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားနိုင်က လျှောက်ထားလာသည့် ဇာရီမှုအား မည်သည့်အတွက် အတည်မပြုသင့်ကြောင်း ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ဒီကရီအား အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းမောင်သန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**စစ်တွေမြို့နယ်တရားရုံး**

## အမည်မှန်

ပဲခူးမြို့၊ ဇီးတောကျေးရွာနေ ဦးအောင်ဆန်းဦး (၇/ပခန (နိုင်) ၄၀၀၄၃၅)၏သမီး မစန်းသော်တာဦး (၇/ပခန(နိုင်)၄၀၀၇၀၂)၏ အမည်မှန်မှာ မဆန်းသော်တာဦး ဖြစ်ပါကြောင်း။

**မဆန်းသော်တာဦး**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

ဦးရှင်းသန့်ကို၏သား အင်ပူမြို့၊ အမကမြို့မ(မြောက်) KG တွင် ပညာသင်ကြားနေသော မောင်ကျော်ဇင်သန့်အား မောင်မြတ်သူအောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မြတ်သူအောင်**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကုန်သည်လမ်း၊ မြေစာရင်းအကွက်အမှတ်(၁၀)၊ စန္ဒာသီရိ၊ ဦးပိုင်အမှတ် (က/၁၃၈)၊ ဧရိယာ(၀.၀၆၇)ကေ အနက်မှ (၀.၀၂၆)ကေကို ဘိုးဘပိုင်မြေအမည်ပေါက်သူ ဦးအကျိုး၊ မအေးမြင့်၊ မခင်ထွေး တို့အမည်မှ ဦးသိန်းဝင်း အမည်သို့ မြေပိုင်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ လပွတ္တာမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/1616, BAJAJ 205D သုံးဘီး ယာဉ်လက်ဝယ်ရှိသူ ဦးအာကာ ၁၄/ဖပန(နိုင်) ၁၆၀၆၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅သယ/၅၄၉၂၉, Honda Click,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဌေး ၉/ဝတန(နိုင်) ၂၅၆၁၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပဲခူးမြို့၊ ဥသာမြို့သစ်ရှိ မြေကွက်ကြီးအမှတ်(၂၅)၊ မြေကွက်အမှတ် (၄၆၇အေ+၄၆၉အေ)(၈၀ ပေ x ၆၀ပေ)၏ မြေငှားဂရန်ပျောက်ဆုံးသွားပါသဖြင့် ပိုင်ရှင်ဖြစ်သူ ဦးစံပြည့်က မိတ္တူမှန်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစံပြည့် (၁/ဘအန(နိုင်) ၀၀၉၃၉၆)**
**ဖုန်း-၀၉-၅၁၉၂၆၅၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၁၊ မြေကွက်အမှတ် (၁၈၆၁)၊ ဧရိယာ (၀.၀၅၅)ကေရှိ ဦးကျော်စွာမင်း အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၃၈၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်သိန်းဦး ၁၂/ရပသ(နိုင်)၁၁၆၈၆၂မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်အေးညွန့်တင် ၉/ပမန(နိုင်)၀၈၃၇၉၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက် ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၆၊ ဦးပိုင်အမှတ် ၄၁/၁၁၃B လမ်း၊ ၄၈x၄၉ ကြားရှိ ဦးတင်ညွန့်အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၇၁၃/၂၀၂၃)ဖြင့် ဦးဇော်မင်းထိုက် ပါ -၇ ဦးမှ အမွေဆက်ခံခဲ့ပြီး၊ ၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၃၆၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ထွေးရတနာထွန်း ၉/ပသက (နိုင်)၁၅၀၄၂၈ (၎င်း၏ SP ရရှိသူ ဒေါ်သီတာအောင်)၏ တောမှမြို့ပြောင်း၊ ဂရန်ပျောက်၊ အမည်ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာမှုအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ရာ ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင်ထည့်သွင်းကြော်ငြာစေခဲ့ပြီး ယခုဂရန်ပယ်ဖျက်မိန့်ထုတ်သည့် အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် ဦးတင်ညွန့် အမည်ပေါက် တောဂရန်အမှုတွဲအမှတ် (၈၅၈၅/၉၃-၉၄)အား ဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ် ဗ-၂၊ ဦးပိုင်အမှတ် ၁၄၉-က/၅၈x၅၉ကြားပိတောက်xမဥ္ဇူလမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်သင်းသင်းနွယ် ၉/မနတ(နိုင်) ၀၁၃၈၇၆ (၎င်း၏GPရရှိသူ ဒေါ်စိုးစိုးခိုင်)၏တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဂရန်ပျောက် လျှောက်ထားလာမှုအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ရာ ကန့်ကွက်နိုင်ကြောင်းသတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ပြီး ယခု ဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် ဒေါ်သင်းသင်းနွယ် အမည်ပေါက် တောဂရန်အမှုတွဲအမှတ် (၉၃၁/၉၁-၉၂)အား ဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဗ-၂၊ ဦးပိုင်အမှတ် ၁၄၉-ခ/၅၈X ၅၉ကြား၊ ပိတောက်Xမဥ္ဇူလမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးမင်းမော်ဝင်း ၅/ငဇန(နိုင်) ၀၄၆၂၀၀( ၎င်း၏ GPရရှိသူ ဒေါ်သင်းသင်းမာ)၏တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဂရန်ပျောက်လျှောက်ထားလာမှုအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ပြီး ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်း ကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထုတ်သည့် အချိန်အထိ ကန့်ကွက်သူမရှိခြင်းကြောင့် ဦးမင်းမောင်ဝင်း အမည်ပေါက် တောဂရန် အမှုတွဲအမှတ်(၉၃၄/၉၁-၉၂)အား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၄၈၊ ဦးပိုင်အမှတ် ၃/က/၁၂၂x၁၂၃ လမ်းကြား၊ ၅၅လမ်းပေါ်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်သဲသဲဝင်း ၉/မရမ(နိုင်)၀၄၀၃၉၂က မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်း၊ ဂရန်စာချုပ်မူရင်းတို့မှာ အထားအသိုမှားယွင်းသိမ်းဆည်းမှုကြောင့် ပျောက်ဆုံးသွားပါသဖြင့် ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ် နန-၉၊ ဦးပိုင်အမှတ် ၅၁၊ ၆၁x၆၂ ကြား၊ ၁၃၂x၁၃၃ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၂၇၅၃/၁၉၉၀-၁၉၉၁)အရ ဦးအုန်းမောင် EMDY-၁၁၆၁၆၂ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်မြင့်မြင့် ၈/မမန(နိုင်) ၁၇၉၅၇၃မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၃)ရပ်ကွက်၊ မြနန္ဒာလမ်း၊ ဒဂုံဆိပ်ကမ်းသဘော်ကျင်း အိမ်ရာအမှတ်-O/203နေ ဒေါ်ဆွေဆွေသန်း ၁၂/သဃက(နိုင်)၀၀၉၀၃၁၏ သား မောင်ဝေလွင်မိုး ၁၂/အလန(နိုင်)၀၅၂၀၃၃သည် မိဘဆိုဆုံးမမှုများကို မနာခံဘဲ မိမိသဘောဆန္ဒအရ ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)**

**ဒေါ်ဆွေဆွေသန်း**
**၁၂/သဃက(နိုင်)၀၀၉၀၃၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ဇောတိကလမ်းသွယ်၊ အိမ်အမှတ် (ခ/၂၇၁)နေ (ဘ)ဦးဇော်ခင် ၁၂/ကတန(နိုင်)၀၁၁၃၇၇၊ (အမိ)ဒေါ်စန်းစန်းအေး ၁၃/တကန(နိုင်)၀၆၂၇၆၂တို့၏ သားဖြစ်သူ မောင်ဇင်မင်းထက် ၁၃/တကန (နိုင်)၂၈၂၁၃၁သည် မိဘဆွေမျိုးတို့၏ ဆိုဆုံးမစကားကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ခင်-ဒေါ်စန်းစန်းအေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၇၃၅၃၆,ZONG SHEN-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲစိုး ၅/အရတ(နိုင်)၀၇၇၁၀၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၃၄၁၆, ဟွန်ဒါ C-90 , M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဌေး ၅/မရန(နိုင်) ၀၁၆၁၃၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကရပ်ကွက်၊ အကွက်အမှတ် ယ-၇၊ ဦးပိုင်အမှတ် ၅၄၊ ၆၅x၆၈လမ်းကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဗိုလ်ကြီးဝင်းဌေး အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးဝမ်ကင်းရီက တရားပြိုင် ဗိုလ်ကြီးဝင်းဌေး(၎င်း၏ SPရရှိသူ ဦးအေးကျော်)အပေါ် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် မဟာအောင်မြေ ခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၆၅/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရှုံး၏ အနိုင်ဒီကရီရရှိသူ ဦးဝမ်ကင်းရီ ၁/မကန(ပြု)၀၀၀၉၆၇ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်း(င)ရပ်ကွက်၊ အကွက်အမှတ် ညည-၆၊ ဦးပိုင်အမှတ် ၁၈၊ ၅၉x၆၀ကြား၊ မင်းရဲကျော်စွာလမ်းx ဗထူးလမ်းကြားရှိ တပ်သားတင်မြင့် (ခ)ဦးတင်မြင့် အမည်ပေါက် တောဂရန် မြေကွက်အား တရားလို ဒေါ်နန်းယိင်းက တရားပြိုင် တသတင်မြင့်(ခ)ဦးတင်မြင့်အပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၆၆/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်နန်းယိင်း ၁၃/သနန(နိုင်)၀၁၈၃၉၆က တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့**

## စီးပွားရေးလုပ်ရန်နေရာကောင်းရောင်းမည်

အောင်မင်္ဂလာအဝေးပြေးဂိတ်အနီး။ သုခမ္မာလမ်းမ (ဖြကွေ့မီးပွိုင့်)အနီး။ (၄)ရပ်ကွက် မြောက်ဥက္ကလာ။ ဝေဘာဂီလမ်းမကြီးပေါ်။ ၄ ထပ်တိုက်သစ်။ ၂၀ ပေ × ၆၀ ပေ (မြေပိုင်)

သိန်း (၁၀၀၀၀) ညှိနှိုင်း 0943021001

## ဖခင်နှင့်မိခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၆)၊ အမက(မူလွန်)ကျောင်း G-4 မှ မမေသဇင်သင်း၏ ဖခင်နှင့်မိခင် အမည်မှန်မှာ ဦးစိုးတင့် ၉/ ပသက(နိုင်)၀၂၅၃၅၀ နှင့် ဒေါ်ဝင်းဝင်းမော် ၁၃/ အတန(နိုင်)၀၀၅၇၆၇တို့ ဖြစ်ပါကြောင်း။

## လျှောက်လွှာပိတ်ရက်ပြင်ဆင်ခြင်း

၂၉-၁၀-၂၀၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ နည်းပြရာထူး (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၅)နေရာခေါ်ယူခြင်း ကြော်ငြာစာတွင် နည်းပြရာထူး (၃) နေရာနှင့် လျှောက်လွှာပိတ်ရက် နောက်ဆုံးရက် ၂-၁-၂၀၂၅ ရက်နေ့အစား ၂၀-၂-၂၀၂၅ ရက်နေ့အထိ ပြင်ဆင်ပြောင်းလဲ ကြော်ငြာအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ လူကိုယ်တိုင် သို့မဟုတ် တယ်လီဖုန်းအမှတ် ၀၂-၄၇၅၀၀၀၆ ၊ ၀၂-၄၇၅၀၀၀၅၊ ၀၂-၄၇၅၀၂၃၆၊ ၀၉-၂၀၀၁၄၉၇၊ ၀၉-၄၀၂၆၀၅၉၀၄ နှင့် ၀၉-၄၄၄၀၃၆၅၃၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀ )

### ကျောက်တံတားခရိုင်တရားရုံးတော်

### ၂၀၂၄ ခုနှစ် ၊ တရားမကြီးမှုအမှတ် -၁၂၁

Max Energy Co., Ltd (၎င်းကိုယ်စား ကုမ္ပဏီဒါရိုက်တာ ဒေါ်ခင်ပြည့်စုံဦး) — **တရားလို**

နှင့်

(၁) Hector Transportation Service Co.Ltd (or) Hector Company Limited ပါ-၂ (၎င်း၏ကိုယ်စား ကုမ္ပဏီ၏ တာဝန်ရှိသူများ)
(၂) ဦးပိုင်ဦးထက် (M.D) — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ စက်မှု(၁)လမ်း၊ အနောက်ရန်ကင်း၊ တိုက်-၃၅၂/ အခန်းအမှတ် (၁) နေ 1loctor Transportation Service Co.Ltd(or) Hector Company Limited (ယခု နေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို Max Energy Co., Ltd က စက်သုံးဆီ (လောင်စာဆီ) ရောင်းဖိုးငွေကျပ် သိန်း-၄၅၁၈၀၇၀၃/- နှင့် နစ်နာကြေးငွေကျပ်သိန်း-၃၀,၀၀၀,၀၀၀/- (ကျပ်သိန်းသုံးရာတိတိ)အပါအဝင် စုစုပေါင်းငွေကျပ် ၇၅၁၈၀၇၀၃-ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉)ရက်(၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၇ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရ မည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၄)ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန့်စင်ငြိမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ကျောက်တံတားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဒေါ်အေးအေးမူ ၁၂/သဃက(နိုင်)၀၀၇၅၃၅(ဘ)ဦးသာဘန်း အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၂၀၉၆)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၇၅/၂၀၂၃(၂-၁၀-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မိကေသီလတ် ၁၂/ဗဟန(နိုင်)၁၀၄၂၇၁(ဘ) ဦးထင်ကျော်လတ်မှ ဒေါ်မိအေးအေးမော် ၁၂/ဗဟန(နိုင်)၀၃၀၃၇၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာ ဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆/၂၈၊ လေးကျွန်းမြေ မြောက်)၊ မြေကွက်အမှတ်(ငတ/၁၁၃-ခ)၊ မြေဧရိယာ(၀.၁၈၄) ဧကရှိမြေသည် ဦးကြည်မောင် အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ် RP No. ၁၉/V/၂၀၂၂ of 2022-2023 (30 Years) မြေငှား ဂရန်သက်တမ်းမှာ (၂၁-၁၁-၂၀၂၂) မှ (၂၀-၁၁-၂၀၅၂) ရက်အထိဖြစ်ကြောင်း၊ အဆိုပါ ဂရန်မြေကွက်အား (၂၄-၉-၂၀၂၄)ရက်တွင် ဦးကြည်မောင်(ဘ) ဦးအောင်ဆယ် ၁၃/တကန(နိုင်) ၀၂၀၆၃၆မှ ဦးစောချန်ထွန်း(ဘ) ဦးစောလှ ၅/စကန(နိုင်)၁၇၀၂၆၀သို့ တရားဝင်မြေကွက် အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးစောချန်ထွန်းအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင် ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲ မြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)

### ကျောက်တံတားခရိုင်တရားရုံးတော်

### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၁

Max Energy Co.,Ltd. (၎င်း၏ကိုယ်စား ကုမ္ပဏီ၏ ဒါရိုက်တာ ဒေါ်ခင်ပြည့်စုံဦး) — **တရားလို**

နှင့်

၁။ မြစိမ်းမင်္ဂလာ Co.,Ltd (၎င်း၏ကိုယ်စား ကုမ္ပဏီ၏ တာဝန်ရှိသူများ)
၂။ ဦးတင်နိုင်ထွန်း
၃။ ဒေါ်လှလှဌေး — **တရားပြိုင်များ**

ရောဝတီတိုင်းဒေသကြီး ၊ မြောင်းမြမြို့နယ်၊ (၅)ရပ်ကွက်၊ မြိုင်မာလာ (၃)လမ်း၊ အမှတ် - ၁၇ နေ တရားပြိုင် - (၁) မြစိမ်းမင်္ဂလာ Co.,Ltd ၎င်း၏ ကိုယ်စား ကုမ္ပဏီ၏ တာဝန်ရှိသူများ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက စက်သုံးဆီ (လောင်စာဆီ) ရောင်းဖိုးငွေကျပ်-၂၆၅၉၈,၀၀၀/- (နှစ်ရာခြောက်ဆယ့် ငါးသိန်းကိုးသောင်းရှစ်ထောင်ကျပ်တိတိ)နှင့် နစ်နာကြေးငွေကျပ် ၂၅,၀၀၀,၀၀၀/-အပါအဝင် စုစုပေါင်းငွေကျပ်- ၅၁,၅၉၈,၀၀၀/- (ငါးရာတစ်ဆယ့်ငါးသိန်းကိုးသောင်းရှစ်ထောင်ကျပ်)တိတိရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်၊ (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၆ ရက်) မွန်းလွဲ (၁:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဖြူဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ကျောက်တံတားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်( မြောက်ပိုင်း)မြို့နယ်၊ ၃၇-ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ တိုက်ခန်းအမှတ်(၁၂၈)ပေါ် တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ စတုတ္ထထပ်(၅လွှာ)၊ တိုက်ကို မျက်နှာမူသော်(ဘယ်)ဘက်ခြမ်း၊ အကျယ်အဝန်း(၁၉'x၅၅')အကျယ်ရှိ ရေ+မီးစုံလင်စွာပါရှိသော တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား စာချုပ်အဆက်အစပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြကြောင်း ဝန်ခံပြောဆိုလာသူ ဦးသန့်ဇင်ဦး ၁၂/စခန(နိုင်)၀၀၀၁၇၉နှင့် ဒေါ်သွယ်သွယ်ဦး ၁၂/စခန(နိုင်)၀၅၂၀၀၄၊ အမှတ်(၁၂၈)၊ ဗိုလ်ချုပ်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေကြသူများထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc,PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၃)၊ မြေကွက်အမှတ်(၁၁၃)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား ဒေါ်တိုးမှ အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း နှင့် ကန့်ကွက်မှု မရှိပါက အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန်(အမည်ပြောင်း/သက်တမ်းတိုး/အသစ်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ် စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ အမည် | မူလ အမည်ပေါက် | ကွင်းအမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ အုပ်စု | ရပ်ကွက်/ | မှတ် ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်ရင်အေး၊ ဒေါ်ခင်ဌေး၊ ဒေါ်ရင်ကြည်၊ ဦးထွန်းထွန်း | ဒေါ်တင် | ၁၅D/ မူရာပင်မြင်းပြိုင် | ၄၆က | ၀ဒသမ၁၃၄ | ရွာဘဲ | တိုး |
| ၂ | ဦးထွန်းဇော်မိုး၊ ဒေါ်ခင်ဆွေမြင့် | ဒေါ်လတ်နွဲ့နွဲ့အောင် | ၁၄/အောင်ဆန်း အပိုင်-၃ | ၂၁ | ၀ဒသမ၀၅၅ | ပြည်သာယာ | ပြောင်း |
| ၃ | ဒေါ်ဝင်းကြည် | ဦးအေးထွန်း ဒေါ်ဝင်းကြည် | ၄/နဝင်း | ၅၂၅ဖ | ၀ဒသမ၀၃၇ | နဝင်း | တိုး |
| ၄ | ဦးချစ်ကိုကို | ဒေါ်အေး | ၁၅D/ မူရာပင်မြင်းပြိုင် | ၇၀ဆ | ၀ဒသမ၀၃၃ | ရွာဘဲ | သစ် |

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၄၃၂)၊ ဧရိယာ (၀.၀၈၂)ဧကရှိ ဦးဝင့်ပိုင် (ဘ) ဦးမြင့်သိန်း ၉/လဝန(နိုင်)၁၅၁၅၄၃ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးအောင်ချိုမြတ် (ဘ) ဦးဌေးဝင်း ၉/ကပတ(နိုင်)၁၈၉၈၉၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ် မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်-မ-၂၇၊ ဦးပိုင်အမှတ် (၁၁)၊ ၄၂လမ်း၊ ၅၈x ၅၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးပြေသိန်း၊ ဒေါ်သန်းသန်းနွဲ့၏(SP ရရှိသူ ဦးသိန်းသောင်းဦး) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၃၈၂၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မျိုးစုခိုင် ၉/မနတ(နိုင်)၀၀၈၂၄၉က အမှုတွဲအမှတ်( ၆၃၄၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/7776 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ် ၆၅၁၊ ဦးပိုင်အမှတ်(၆.ခ)၊ ၃၇လမ်း၊ ၇၆x၇၇လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ SHIN KYU FANG (ခ) စန္ဒာဝင်း၏(SP ရရှိသူ ဦးချစ်ဝင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၀၀၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လောရှန် ၁၃/မဆတ(နိုင်)၀၀၆၂၁၄က အမှုတွဲအမှတ် (၀၇၄၇/ဘ( ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးမြို့၊ အ-ထ-က(၄) Grade-10(A) မှ မစုမွန်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်း ၇/ပခန(နိုင်)၁၀၇၆၈၃ ဖြစ်ပါကြောင်း။

**ဦးထွန်း**
**၇/ပခန(နိုင်)၁၀၇၆၈၃**

## ဦးအောင်ကျော်ကျော်နှင့်အများသိစေရန်ကြေညာခြင်း

ဦးအောင်ကျော်ကျော်(ဘ)ဦးကျော်ရင် ၁၄/ဖပန(နိုင်)၂၃၈၅၁၂ သည် ဒေါ်ကြူကြူဝေ(ဘ)ဦးမောင်တင် ၁၄/ဖပန(နိုင်)၀၁၉၀၀၉အား ဖျာပုံမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ချုပ်ဆိုခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၁/၂၀၂၂)အရ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယင်းအထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ခြင်းခံရသူ ဒေါ်ကြူကြူဝေမှ ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာပါသည်။

**ဒေါ်ကြူကြူဝေ**
**၁၄/ဖပန(နိုင်)၀၁၉၀၀၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/7727, TOYOTA CROWN GRS 180, SALOON (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်လင်း ၁၀/သထန(နိုင်)၁၄၂၅၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၄၃၀)၊ ဧရိယာ (၀.၀၈၂)ဧကရှိ ဦးဝင့်ပိုင်(ဘ) ဦးမြင့်သိန်း ၉/လဝန(နိုင်)၁၅၁၅၄၃ အမည်ပေါက် နှစ်(၃၀) မြေငှား စာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးအောင်ချိုမြတ် (ဘ) ဦးဌေးဝင်း ၉/ကပတ(နိုင်)၁၈၉၈၉၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/57798, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးအောင် ၇/ပတန(နိုင်) ၁၄၇၄၂၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/4447, Kabar Kyaw L/T KSK-1, Pick Up (4x2)R ယာဉ်လက်ဝယ်ရှိသူ စောစံကျော်ထူး ၁၂/မဘန(နိုင်)၁၀၂၉၄၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးအေးလွင် (၉/တသန(နိုင်)၁၀၃၀၈၃) ကျွန်မ ဒေါ်အောင်မေကြည်(၉/တသန(နိုင်)၀၃၅၅၂၁) တို့၏သား မောင်အောင်ကိုကို(၁၂/လသယ(နိုင်)၀၉၅၆၁၁)သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်အခါ ဘာအကြောင်းမျိုးနှင့်မျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးအေးလွင်- ဒေါ်အောင်မေကြည်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ခွင့်ပြုငွေ (ငွေလုံးငွေရင်း)(RE) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မရမ်းကုန်းမြို့နယ်ဥတ္တရာလာလမ်းမကြီးတစ်လျှောက် လမ်းမီး မြေအောက်ဓာတ်အားလိုင်းပေ(၄၆၀၀)တည်ဆောက်ခြင်းနှင့်လမ်းမီးများ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက်လိုအပ်သော လမ်းမီးဆိုင်ရာပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၅.၂.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၉.၂.၂၀၂၅) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် – ၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## မြေညီတိုက်ခန်းကျယ် အမြန်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်းကျယ်ပေါ်ရှိ Mini Condo မြေညီထပ်၊ ထပ်ခိုးပါ (ပေ ၂၈xပေ ၇၀)၊ အမြင့် (၁၉ပေ) အမြန် ရောင်းမည်။

သိန်း (၉၅၀၀) ညှိနှိုင်း။

**စုံစမ်းရန်– ဖုန်း–၀၉–၇၈၆၄၉၉၇၄၅၊ ၀၉–၉၇၁၉၁၆၇၆၄**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၂၃)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇင်တိုး ၁၂/ဗဟန(နိုင်)၀၁၈၅၄၁သည် OwnerBook အမည်ပေါက် ဦးဝင်းကျော်ဦး ၁၂/ရကန(နိုင်) ၀၆၂၃၃၉၊ ယာဉ်အမှတ်(4Q/2694)၊ ယာဉ်အမျိုးအစား(SUZUKI SWIFT GL) အဖြူရောင်မော်တော်ယာဉ်အား တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးသက်အောင် ၁၂/သကတ(နိုင်)၁၅၈၀၀၉ထံမှအပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းမော်တော်ယာဉ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နေခြည်ဦး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၂၃/၂၀၁၇)**
**အမှတ်(၁၀/၁၂)၊ မြေညီထပ်၊ ၃၅လမ်း (အောက်ဘလောက်)၊**
**ကျောက်တံတားမြို့ နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၄၂၀၁၀၇၅၁၁၊ ၀၉–၇၇၇၈၄၅၈၄၆**

---

## မိခင်အမည်မှန်

မြိတ်မြို့၊ အထက(၁) Grade–10မှ မကြည်ဇင်ကျော်၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်ခင်မာဝေ ၆/ကစန(နိုင်)၁၁၆၄၆၁ ဖြစ်ပါကြောင်း။

**ဒေါ်ခင်မာဝေ**

---

## အမည်မှန်

ဦးစိုးဝေနှင့် ဒေါ်မိုးမိုးစန်းတို့၏သမီး ကျွန်းစုမြို့နယ်၊ အထက (ညောင်ဘီး) Grade–6မှ မNဂျူးမေ၏ အမည်မှန်မှာ မအင်ဂျူးမေ ဖြစ်ပါကြောင်း။

**မအင်ဂျူးမေ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ကလွင်ကျေးရွာအုပ်စု၊ ၂၃၉ကွင်း၊ ကြံတောကွင်း၊ ဦးပိုင်အမှတ်၄၀/၂(င)နှင့် ဦးပိုင်အမှတ်၄၀/၂(စ)၊မြေမျိုးနှင့်အတန်း $G_2$၊ ဧရိယာဧကေ(၀.၀၄)နှင့်(၀.၀၆၉)ဧက မြေနှစ်ကွက်တွဲအား ရောင်းသူ ဦးလွင်အောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက မည်သူမဆိုကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခက်ခက်ခိုင် (LL.B) အထက်တန်းရှေ့နေ**
**(စဉ်–၂၈၁၁၀/၃၁–၃–၂၀၀၈)**
**ဖုန်း–၀၉–၄၀၄၁၄၉၅၈၁**

---

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "ရွှေတိုးတက်–၇" အမည်ရှိ ကော့သောင်းခရိုင်နှင့် မြိတ်ခရိုင် ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ်၊ FKD/0090/16) ရေယာဉ်၏ တန်ချိန် – ၅၅.၀၀ အား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးတင်မောင်ဝင်း ၆/လလန(နိုင်)၀၈၀၈၃၀ အမည်မှ ဦးစိုးငယ် ၆/မအရ(နိုင်)၀၅၉၆၃၈ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း ၃၀အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး PET/CT & Cyclotron Center ရှိ PET/CT & Cyclotron Center စက်၏ Spareparts များလဲလှယ်ရန်ရှိပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံစတင်ရောင်းချမည့် နေ့ရက်** | – ၄–၂–၂၀၂၅ရက် (အင်္ဂါနေ့) |
| | **တင်ဒါပုံစံနောက်ဆုံး ပေးသွင်းရမည့် နေ့ရက်/အချိန်** | – ၁၇–၂–၂၀၂၅ရက် (တနင်္လာနေ့) ညနေ ၄နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရုံးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ပုသိမ်မြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၂၆

ဒေါ်သွယ်သွယ်ဝင်း **နှင့်** ဦးသီဟအောင်(ခ) ဦးသက်အောင်

**(တရားလို)** **(တရားပြိုင်)**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ ဗိုလ်ဘဒွေး အတွင်းလမ်း၊ အမှတ်(၁၁၁)၊ ခရေပင် ရပ်ကွက်နေ ဦးသီဟအောင်(ခ)ဦးသက်အောင် ( ယခုနေရပ်လိပ်စာ မသိသူ )သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သွယ်သွယ်ဝင်းက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ပို့တွဲလဆုတ် ၁၃ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်တကွ သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ (၄) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပန်းမြတ်မြတ်မွေး)**
**ဒုတိယမြို့နယ်တရားသူကြီး( ၂ )**
**ပုသိမ်မြို့နယ်တရားရုံး**

---

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မြင့်ဦး (၁၂/ဒဂန(နိုင်)၀၀၃၇၃၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့်ဦး (၁၂/ဒဂန(နိုင်)၀၀၃၇၃၅) ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄) ရပ်ကွက်၊ ကျောင်းလမ်းသွယ်(၂)၊ မြေကွက်အမှတ် (၉၃၀)၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄/၇)(ပါမစ်) မြေအလျား(၆၀')xအနံ(၂၀')ရှိ (ခေါင်းရင်းခြမ်း) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၁၁–၅–၂၀၂၄ရက်တွင် (၁) ဦးထွန်းထွန်းဦး ၁၂/သဃက(နိုင်)၀၄၁၈၃၂၊(၂)ဒေါ်နှင်းနှင်းဝေ ၁၂/ဒဂန(နိုင်) ၀၁၁၁၄၈တို့ထံသို့ အိမ်ခြံ၊ မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ပြုလုပ်ပြီး လက်ရောက်အပ်နှံရောင်းချထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေမျိုးကြည်**
**LL.B,CBL,DBL,DIL**
**အထက်တန်းရှေ့နေ (စဉ်–၃၃၂၈၆/၂၀၁၀)**
**အမှတ်(၃၂၅)၊ ခေမာ (၁)လမ်း၊ ၄၅/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၇၉၈၄၇၇၆၇၁**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မအူပင်မြို့နယ်၊ မင်းဘောကျေးရွာအုပ်စု၊ ထန်းပင်ကွေ့အနောက်ကျေးရွာနေ (ဘ) ဦးဟန်ညွှန့်၏သမီး ဒေါ်ခင်ချိုအေး ၁၄/မအပ (နိုင်) ၁၅၉၃၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေငြာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဒေါ်ခင်ချိုအေး၏ သားအရင်းဖြစ်သူ မောင်ရှိန်းထက်ဝင်းဟန် ၁၄/မအပ(နိုင်)၃၂၁၁၈၁ သည် မိခင်ဖြစ်သူမှ ကောင်းမွန်စွာ ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သော်လည်း မိခင်၏ဆိုဆုံးမမှုများကို မနာခံဘဲ မိခင်အား ဂုဏ်သိက္ခာကျဆင်းစေသည့် ကိစ္စရပ်များကို ပြုမူဆောင်ရွက်ခြင်း၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲစေခြင်း အစရှိသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစောမူးလယ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၆၄၉)**
**အမှတ်(၇၁)၊ ခိုင်နှင်းဆီလမ်း၊ အမှတ်(၆)ရပ်ကွက်၊ မအူပင်မြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်ကြီး သန်းတင် (ကိုယ်ပိုင်အမှတ်–၇၄၀၈၁၂)၊ ၁၄/ကပန(နိုင်)၀၉၆၂၈၉ (ဘ)ဦးမြထွန်း အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င) ၃၁၉၈ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံသမီးဖြစ်သူ ဒေါ်နွယ်နီဝင်း ၁၄/ကပန(နိုင်)၂၇၂၉၀၀ (ဘ) ဦးသန်းတင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်း ချလန်မိတ္တူ၊ တပ်ကြပ်ကြီးသန်းတင် သေဆုံးခြင်းလက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင် ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၅၃၂ စီ/၇)၊ စစ်တောင်းလမ်း ၊ သဃ်န်းကျွန်းကြီး ရပ်ကွက်၊ မြေကွက်အမှတ်(၂၆)၊ (၇၅x၁၇၄)ပေအကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်အုန်းမြင့် (၁၂/ဗတထ(နိုင်) ၀၁၅၈၇၂) မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးကနေဆာ(၁၂/မဂဒ(နိုင်)၁၅၉၃၆၇)ကလည်း အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၀၅/၂၀၁၅)** | **အထက်တန်းရှေ့နေ (စဉ်–၄၉၅၀၂/၂၀၁၈)** |

**တိုက် (၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြင်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**
**(၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၇၉၅၅၃၄၇၅၃၊ ၀၉–၇၅၀၃၉၈၄၀၆**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ)ရပ်ကွက်၊ (က/၄) လမ်း၊ မြေကွက်အမှတ် (၃၃၄)ဟု ခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အအုံအမှတ် (၂၀၂)၏ တတိယထပ်၊ (၄)လွှာ (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၇x၅၅)ပေရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးလှိုင် (၁၂/ကမတ(နိုင်)၀၅၄၀၅၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇေဝင်းထွဋ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၀၀၁)**
**အမှတ် –၈၃၊ အခန်းအမှတ် (၁၈)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၅၀၂၄၁၆၀၀**

---

## မိဘအမည်မှန်

ပုလောမြို့၊ အထက(၁) Grade–9(C)မှ မယွန်းပန်းချီလှိုင် ၏ မိဘအမည်မှန်မှာ ဦးအောင်လှိုင်ဝင်း ၆/ပလန(နိုင်) ၀၄၆၀၄၀နှင့် ဒေါ်ရီလွင်ဖြိုး ၆/ပလန (နိုင်) ၁၁၂၆၀၇ဖြစ်ပါကြောင်း။

**ဦးအောင်လှိုင်ဝင်း၊ ဒေါ်ရီလွင်ဖြိုး**

---

## ပတ်(စ)ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ရေဘုတ်ကျေးရွာအုပ်စု၊ ရေဘုတ်ကျေးရွာ၊ အ.ထ.က-ခွဲ (ရေဘုတ်)ကျောင်း၊ Grade-11 တန်းမှ မအေးနှင်းဝေ၊ ကျောင်းဝင် မှတ်ပုံတင်စာရင်း က-ဝ၇၁၄ ၏ဖခင် ဦးမင်းကျော်(ခ) ဦးယဉ်မင်းကျော် ၉/အမရ(နိုင်) ၁၁၈ဝ၉ဝ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ရွှေသက်န်းကပ်လှူနိုင်ရေး
## ပါဝင်လှူဒါန်းနိုင်ပါရန် တိုက်တွန်းနှိုးဆော်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့တွင်တည်ထားကိုးကွယ်လျက်ရှိသော သမိုင်းဝင်အောင်မြေရှိ ကောင်းမှုတော်စေတီတော်မြတ်ကြီး ရွှေသက်န်းဆပ်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်နေ့ (၁၁-၂-၂၀၂၆) ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ စေတနာရှင် ဓမ္မမိတ်ဆွေများအနေဖြင့် ဦးကြည်လင် (ဂေါပက အတွင်းရေးမှူး-ဖုန်း-ဝ၉-၅၃၅၂၂၉၃၊ ဝ၉-၇၆၅၃၅၂၂၉၃)နှင့် ဦးမြင့်သိန်း (ဘဏ္ဍာရေးမှူး-ဖုန်း-ဝ၉-၂၅ဝ၇ဝ၂၇၃၃) တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကောင်းမှုတော်စေတီတော်မြတ်ကြီး**
**ဘဏ္ဍာထိန်းဂေါပကအဖွဲ့**
**တောင်ငူမြို့**

## Hnin Mar Myint Fb account နှင့်ပတ်သက်၍
## အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းမာမြင့် (၁၂/မဂတ(ပြု)ဝဝဝ၃၄ဝ) Hnin Mar Myint Fb account ပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းမာမြင့်၏ Hnin Mar Myint Fb account နှင့်ပတ်သက်၍ ဂုဏ်သိက္ခာညှိုးနွမ်းစေသော မဟုတ်မမှန်သတင်းများပြောဆိုခြင်း၊ ရေးသားခြင်း၊ ညစ်ညမ်းစော်ကား ပုတ်ခတ်စေသည့် အပြုအမူ အပြောအဆိုများအား Fb နှင့် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပြုလုပ်ခံရကြောင်း အထောက် အထားများအရ တွေ့ရှိရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေ Hnin Mar Myint Fb account ပိုင်ရှင် ဒေါ်နှင်းမာမြင့်နှင့် ၎င်း၏မိသားစုကိစ္စတို့နှင့်ပတ်သက်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ Facebook, Messenger, Viber, Line, Instagram, Telegram, Tiktok နှင့် အခြားလူမှုကွန်ရက်တို့တွင် ဂုဏ်သိက္ခာထိခိုက်စေမည့် အပြုအမူ အပြောအဆိုများအား မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ ဆက်လက်ပြုလုပ်ဆောင်ရွက်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်ဆန်းဦး (LL.B)** | **ဒေါ်မေသဇင်အေး(LL.B)** | **ဒေါ်သီဂီအောင် (LL.B)** |
| (စဉ်-၁၈၆ဝ၈/ | (စဉ်-၃၂၄ဝ၂/ | (စဉ်-၄၈၅၇၁/ |
| ၃၁-၁ဝ-၂ဝ၂၃) | ၉-၁-၂ဝဝ၉) | ၃၁-၁-၂ဝ၁၇) |

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် (၉/၁၁)၊ အခန်း(၁၀၁-E)၊ ပထမထပ်၊ (၃၆)လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-ဝ၉-၇၇၄၉၃၅၂၃၂၊ ဝ၉-၆၆၂၉၃၂ဝ၄ဝ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်းအား
## ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝင်းဇော် ၁၂/တမန(နိုင်)ဝ၇၆၂၄၅ သည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၁၁၅၄)ဟုခေါ်တွင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ လုံးချင်းတိုက် အပါအဝင် အကျိုးခံစားခွင့်တို့ကိုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဥမ္မာမြင့် ၁၂/ဗတထ(နိုင်)ဝ၃၂ဝ၆၇ ထံသို့ ၂၉-၁-၂၀၂၅ ရက်တွင် စရန်ငွေပေးချေခဲ့ပြီးနောက် သတင်းစာတွင် ကြေညာထည့်သွင်းခဲ့ပါသည်။ ယခုအခါ ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို နှစ်ဦးသဘောတူ ဖျက်သိမ်းပြီးဖြစ်ပါသောကြောင့် ၃-၂-၂၀၂၅ ရက်စွဲပါ သတင်းစာကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်းနှင့် ၂၉-၁-၂၀၂၅ ရက်တွင် ပြုလုပ်ခဲ့သော စရန်ငွေပေးချေခြင်းကတိစာချုပ်ကို ဖျက်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝသနံစည်သူ** | **ဒေါ်မြတ်သွယ်ချမ်း** |
| **(LL.B,D.I.L,D.B.L)** | **(LL.B,D.B.L)** |
| အထက်တန်းရှေ့နေ (စဉ်-၅၃ဝဝ၃) | အထက်တန်းရှေ့နေ (စဉ်-၅၅၆၆၈) |

ဖုန်း-ဝ၉-၄၂၁၁ဝ၁ဝဝ၆၊ ဝ၉-၉၅၇၇၅၂၁၇၉

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မိတ္ထီလာခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂

**ကွယ်လွန်သူ ဦးမြမောင်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ကျွဲတလင်းကျေးရွာအုပ်စု၊ မယ်ဇလီပင်ကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးမြမောင်၏ ကျန်ရစ်သော ပစ္စည်းများအပေါ် အမွေဆက်ခံခြင်းအက်ဥပဒေအရ အမွေထိန်းလက်မှတ်စာထုတ်ပေးပါရန် ၎င်း၏သားဖြစ်သူ ဦးမောင်ဝင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမြမောင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးမောင်ဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးမိုးအောင်)**
**ခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

## အမည်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ (၆၅)Tower၊ (၆၅)လမ်း၊ ၃၈ x ၃၉ လမ်းကြားနေ ဦးပိုင်ထက်အောင် (ဘ) ဦးစိုင်းပန်းအောင် ၉/မဟမ(နိုင်)၁၄၆၁၆၉ မှ "MOLAN IMPERATIVE EDUCATION CENTER" အမည်ရှိ အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ် အမှတ် (၁၂၆၄/၂၀၂၅)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီး ပညာရေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။




**မှတ်ပုံတင်စာချုပ်အမှတ်**
**(၁၂၆၄/၂၀၂၅)**

အထက်ပါအမည် အမှတ်တံဆိပ် **"MOLAN IMPERATIVE EDUCATION CENTER"** အမည်အမှတ်အသားဖြင့် **"ဘာသာစကားမျိုးစုံ သင်တန်းအမျိုးမျိုး"**တို့ကို ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၀)၊ ရတနာလမ်း၊ အမှတ်(၃၄၇) တွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိပြီး အဆိုပါလုပ်ငန်းများကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ ဂျပ်ဘူး၊ ပလပ်စတစ်ပုံး၊ ဂျပ်ဖာ၊ လက်ဆွဲအိတ်၊ စာရွက်စာတမ်း အမျိုးမျိုးတို့ဖြင့် ထည့်သွင်းကြော်ငြာသွားမည်ဖြစ်ပြီး ၎င်းတို့အပေါ်တွင်လည်းကောင်း စာရွက်စာတမ်း၊ ဘလောက်၊ ဆိုင်းဘုတ်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ ဒီဇိုင်း၊ တံဆိပ်အစရှိ သည်တို့အပေါ်တွင် အရောင်အမျိုးမျိုး အရွယ်အစားအမျိုးမျိုးတို့ကို ဖိနှိပ်၍၊ ကပ်နှိပ်၍၊ အသားတံဆိပ် ပြုလုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆိုင်ခွဲများ ဖွင့်လှစ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအမှတ်တံဆိပ်အမည်အမှတ်အသားကို အများပြည်သူ ထင်ယောင် ထင်မှားဖြစ်စေရန် တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပသုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သွယ်ရည်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၅၈ဝ)**
**(၉၁)လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အကွက်(၂၀၁)၊ ပွဲကုန်းရပ်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-ဝ၉-၂၅ဝ၉၅၅ဝ၈၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိ မြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ဝ ဒသမ ဝ၅၅ ဧကရှိ ဒေါ်ခင်သိန်းဝေ ၁၂/ဥကတ(နိုင်)ဝ၃၃၇၉၆ (ဘ) ဦးသောင်းဝေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၃၇၆၇) ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၄၈၈/၂၀၂၃ (၁၁-၈-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဇာဇာဝင်း ၉/မထလ(နိုင်)၂၂၂၅၄ဝ (ဘ) ဦးကြည်ဝင်းမှ ဒေါ်အေးချမ်းမွန် ၅/ရခန(နိုင်)ဝ၇၆၇၅၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေး ါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ရေဘုတ်ကျေးရွာအုပ်စု၊ ရေဘုတ်ကျေးရွာ၊ အ.ထ.က-ခွဲ (ရေဘုတ်)ကျောင်း၊ (Grade-10)တန်းမှ မအေးသန္တာခိုင် ကျောင်းဝင်မှတ်ပုံတင်စာရင်း က-ဝ၆၄၉ ၏ ဖခင် ဦးဝင်းဇော်ထွေး (ခ) ဦးထွေးထွေး ၉/အမရ(နိုင်)၁၁၈ဝ၆၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင် ကျေးရွာနေ ဒေါ်စန်းနွဲ့ ၉/ပသက(နိုင်)ဝ၄၅၂၃၈ (ဘ) ဦးဘလူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင် ကျေးရွာတွင် အကျယ်အဝန်း ပေ(၂၅ x ၂၅)၊ အရှေ့လားသော် ဒေါ်ပို့မနေအိမ်၊ အနောက်လားသော် ဒေါ်စန်းစန်းငွေ နေအိမ်၊ တောင်လားသော်လမ်း၊ မြောက်လားသော် ဒေါ်ဇာဇာဦး ဝိုင်းမြေစသည့် အလားလေးရပ်အတွင်းရှိ ဝိုင်းမြေကို ဒေါ်စန်းနွဲ့မှ ၂၉-၄-၂၀၁၃ ရက်တွင် ဒေါ်နီထံမှ ဝယ်ယူ၍ လက်ရောက်နေထိုင်နေပါသည်။ ယခုအခါ ၂၉-၄-၂၀၁၃ ရက်တွင် ဝယ်ယူထားသောစာချုပ်မှာ ပျောက်ဆုံးနေပါသဖြင့် ထိုစာချုပ်အား ရယူထားသည့်သူမှ ပြန်လည်ပေးအပ်ပါရန်နှင့် ထိုသို့ပြန်လည်ပေးအပ်ခြင်းမရှိဘဲ သိမ်းဆည်းထားပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင်၎င်းစာချုပ်နှင့်ပတ်သက်ပြီး ခိုးယူခြင်း၊ ပေါင်နှံခြင်း၊ရောင်းဝယ်ခြင်းများရှိခဲ့ပါသော်ဒေါ်စန်းနွဲ့မှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်စန်းနွဲ့** | **ဒေါ်ယုယုဝေ(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၇၁၅၂)** |
| | **ချောင်းဝန်းဆည်မြောင်း၊** |
| | **ပုသိမ်ကြီးမြို့** |
| | **ဖုန်း-ဝ၉-၈၇၁၉၅၅၈၅၄** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြောင်းမြမြို့၊ မရမ်းကုန်းရပ်ကွက်၊ ထောင်ကုန်းနေ နော်အေးအေးဝင်းရွှေ ၁၄/မမန(နိုင်)ဝဝ၅၆၈၉၊ စောသက်လှိုင်ဝင်းရွှေ ၁၄/မမန(နိုင်)၁၄၆၄၇၉ နှင့် ဒေါ်သီသီခိုင် ၁၄/မမန(နိုင်)၁၆၅၃၇၇ တို့မှ မြောင်းမြမြို့၊ မရမ်းကုန်းရပ်ကွက်ရှိ မြေစာရင်းရပ်ကွက်အမှတ်(၂၆၆-က) ထောင်ကုန်း၊ ဦးပိုင်အမှတ်(၁ဝ၄)၊ ဧရိယာ ဝ ဒသမ ၃၁ဝ ဧကရှိမြေသည် ဦးထွန်းစိန် အမည်ဖြင့် (၁ဝ)နှစ်ဂရန်ရရှိထားသော မြေဖြစ်ပြီး ဦးထွန်းစိန်မှာ ၁၉၈၈ ခုနှစ်တွင်လည်းကောင်း၊ ဦးထွန်းစိန်၏ ဇနီးဖြစ်သူ ဒေါ်အေးခင်မှာ ၁၉၈၉ ခုနှစ်တွင်လည်းကောင်း ကွယ်လွန်ခဲ့ပါကြောင်း၊ ၎င်းတို့၏ သမီးဖြစ်သူ ဒေါ်ဝင်းနီလှမှာလည်း ၂၀၁၅ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါကြောင်း၊ ဒေါ်ဝင်းနီလှ၏ သားသမီးများဖြစ်ကြသည့် နော်နီလာဝင်းရွှေမှာ ၂၀၁၁ ခုနှစ်တွင်လည်းကောင်း၊ စောသက်လွင်ဝင်းရွှေမှာ ၂၀၂၃ ခုနှစ်တွင်လည်းကောင်း၊ စောသက်ပိုင်ဝင်းရွှေမှာ ၂၀၂၃ ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပါ ကြောင်း၊ နော်နီလာဝင်းရွှေနှင့် စောသက်ပိုင်ဝင်းရွှေမှာ လူလွတ်များဖြစ်ကြပါကြောင်း၊ ဦးထွန်းစိန်၏ ကျန်ရစ်သူမြေးများဖြစ်သည့် နော်အေးအေးဝင်းရွှေ၊ စောသက်လှိုင်ဝင်းရွှေနှင့် ကွယ်လွန်သူ စောသက်လွင်ဝင်းရွှေ၏ ဇနီးဖြစ်သူ ဒေါ်သီသီခိုင်တို့မှ မြောင်းမြခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်စာအုပ် အမှတ်စဉ်(၃၆ဝ/၂၀၂၃)ဖြင့် ကတိသစ္စာပြုပြီးဖြစ်သဖြင့် နော်အေးအေးဝင်းရွှေ၊ စောသက်လှိုင်ဝင်းရွှေနှင့် ဒေါ်သီသီခိုင်တို့အမည်ဖြင့် လူနေထိုင်ရန် ဂရန်သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားမှုတွင် ဦးထွန်းစိန် အမည်ပေါက် ဂရန်စာချုပ်သည် မည်သူတစ်ဦးတစ်ယောက်မျှ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းနှင့် အမွေဆက်ခံထားခြင်းမရှိဘဲ သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးသွားပါသဖြင့် ဦးထွန်းစိန် အမည်ပေါက် ဂရန်စာချုပ် မတင်ပြနိုင်ခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ကြေညာသည့်ရက်မှ ၁၄ရက်အတွင်း စာဖြင့်သော်လည်းကောင်း၊ လူဖြင့်သော်လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ထားသူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ နော်အေးအေးဝင်းရွှေ၊ စောသက်လှိုင်ဝင်းရွှေ၊ ဒေါ်သီသီခိုင် အမည်ဖြင့် လူနေထိုင်ရန်မြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြောင်းမြမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ ဂန္ဓမာ(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆/မြို့မရပ်)၊ မြေကွက်အမှတ် (ပ-၂၂၀၅၁)၊ ဧရိယာ ဝ ဒသမ ၁၁ဝ ဧကရှိ မြေကွက်နှင့် သစ်အိမ်အပါအဝင် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့/မြေဌာနတွင် ဦးအောင်မျိုးသာ ၈/မကန(နိုင်)၁၂၃၈၂၈ အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန် အမည်ပေါက်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား အမည်ပေါက်ပိုင်ရှင်ထံမှ အဆင့်ဆင့်လက်ရောက်ပိုင် ဆိုင်ထားပြီး ရောင်းချစီမံပိုင်ခွင့်ရှိသူ ဒေါ်ခင်နန္ဒာကျော် ၁၂/မဂဒ(နိုင်)၁ဝ၇၁၁၈ ထံမှ ဦးချစ်ဆွေ ၁၀/သထန(နိုင်) ဝ၁၃၈၄၁ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော မြေငှားဂရန်မူရင်း၊ စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်နန္ဒာကျော် ၁၂/မဂဒ(နိုင်)၁ဝ၇၁၁၈**
**အမှတ်(၃၁၉၇၅)၊ ပေါင်းလောင်းလမ်း၊**
**ဝဏ္ဏဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့**
**ဖုန်း-ဝ၉-၇၇၇၅၁၅၁၅၅၊ ဝ၉-၄၂၃၆၆၈၉၂၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ သုခိတာလမ်း၊ အိမ်အမှတ်(၂၀)နေ ဒေါ်ခင်နီလာဝေး ၇/တငန(နိုင်)ဝဝ၅၃၅၇ (ဘ) ဦးရန်ဝေးမှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ်(မြောက်ပိုင်း)အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(V-2)၊ မြေကွက်အမှတ်(၁)၊ အကျယ်အဝန်း(၁၄၃၂၂) စတုရန်းပေရှိ မြေကွက်အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြေနေရာချထားမိန့်၊ ငွေသွင်းချလန်များတင်ပြ၍ မြေငှားစာချုပ်(ဂရန်) ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့လိပ်မူ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၅)၊ မြရည်နန္ဒာအိမ်ရာ၊ (၄)ခန်းတွဲ(၆)ထပ်၊ တိုက်အမှတ်(၉)၊ အခန်းအမှတ်(၃)၊ မြေညီထပ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ပိုင်ဆိုင်ခွင့်အကျိုးခံစားခွင့်များ အားလုံးတို့ကို ပိုင်ဆိုင်သည်ဟုဝန်ခံကတိပြုသူ ဒေါ်ခင်လှိုင်အေး (ဘ) ဦးအုန်းမောင် ၉/မနမ(နိုင်)ဝ၈၄၄၄၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ပစ္စည်းလွှဲပြောင်းခြင်းဥပဒေအရ ဥပဒေနှင့်အညီ လွှဲပြောင်းပြီးပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ဝယ်ယူသူ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်ချိုချိုမြင့် (ဘ) ဦးအိုက်စီ** | **ဦးညီညီချစ် (တရားလွှတ်တော်ရှေ့နေ)** |
| **၉/မဟမ(နိုင်)ဝ၃၉၂၉၅** | **(စဉ်-၄၃၆ဝ ) B.Sc,M.Sc (physics),D.B.L,** |
| | **HGP,RL(ADVOCATE)** |
| | **ဒေါ်မိုးမိုးခိုင်(စဉ်-၁၃ဝ၂၆)** |
| | **ဒေါ်ရတနာချစ်စု(စဉ်-၁၃၃၄၆)** |
| | **ဒေါ်သန်းသန်းစိုး(စဉ်-၁၅၂၆၇)** |
| | **တရားလွှတ်တော်ရှေ့နေများ** |
| | **၈၇ အေ-လမ်း၊ ၃၄ လမ်း x ၃၅-လမ်းကြား၊** |
| | **မန္တလေးမြို့၊** |
| | **ဖုန်း-ဝ၉-၂ဝဝ၃၆၉ဝ၊ ဝ၉-၂ဝ၅ဝ၅၆၆** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေကွက်အမှတ် (ပ-၃၀၄၃၅) ၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကကို အမည်ပေါက် ဦးမြင့်ဦး(တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘိလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး(ဘ) ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄ မှ ဦးဇော်မင်း (ဘ) ဦးအောင်သောင်း ၉/တကန(နိုင်)၁၃၆၅၁၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၁၁၀/၂၀၂၄၊ တရားမဇာရီမှုအမှတ် ၅/၂၀၂၅ တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းအမှတ်(၃)၊ မြေကွက်၊ အမှတ်(၃၈၆^က)၊ မြေဧရိယာ ၀ ဒသမ ၀၂၇၁ ဧကရှိမြေအား ဒေါ်တင်မင်းထွန်းမှ ခွဲစိတ်၊ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ခွဲစိတ်၊ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအိလှိုင်သင်း ၇/ဝမန(နိုင်)၁၀၂၇၆၉ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါကြောင်း တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၈၃၀၀၀၅

## ပျောက်ဆုံးကြောင်း

ကျွန်မ မအိသန္တာ ၁၂/လသယ(နိုင်)၀၇၄၁၂၃ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါကြောင်း တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၉၃၆၆၉၃၁

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ်-၃၉၆/(က)၊ (မြေညီထပ်)အခန်းနေ ဦးဘုန်းမြင့်ကျော်(ဘ)ဦးတင်မောင်ထွေး ၁၂/မရက(နိုင်)၁၄၀၄၁၅ မှ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၁၉၂)၊ (HAGL)Myanmar Center Tower၊ တာဝါ(၂) ၊ Level(၅၊၆၊၇၊၈)တွင် ရှိသော (ရိုးမဘဏ်လီမိတက်)အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၄-၇-၂၀၂၀ရက်တွင်လွှဲအပ်ပေးခဲ့သောအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၉၂၁/၂၀၂၀)အား (ရိုးမဘဏ်လီမိတက်)မှ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L,D.I.P.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ညီးစုကျေးရွာအုပ်စု၊ ချောင်းပိုက်ကျေးရွာနေ ဦးအောင်မင်း၏သား ကျွန်တော် မောင်တင်ထက်ဦး ၈/ခမန(နိုင်)၂၅၀၆၉၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-932667) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၆၅၄၁၆၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃/၂၅၊ နန္ဒဝန်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်၊ (သစ္စာလမ်း၊ ၁၄)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား ဦးသိန်းဝင်းအမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက(၁) Grade-7(D) မှ အိစုမြတ်၏ ဖခင်အမည်မှန်မှာဦးတင်ကျော် ၁၂/လမန(နိုင်)၁၀၃၀၃၂ ဖြစ်ပါကြောင်း။

**ဦးတင်ကျော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁/၁၁၊ နန္ဒဝန်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (စည်သူလမ်း၊ ၁၄၂)၊ ဧရိယာ ၀ ဒသမ ၁၃၈ ဧကရှိမြေကွက်အား ဒေါ်မြင့်မြင့်စိုး အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၇၁၁၈၀ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေရည်မြင့်မိုရ် ၅/ဒပယ(နိုင်)၁၆၀၇၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစု(အနောက်)ရပ်ကွက်၊ ဦးဖိုးထူးလမ်း၊ အမှတ်(၁၀)၊ မြေညီထပ် (ခေါင်းရင်းဘက်ခြမ်း)ဟု ခေါ်တွင်သော အကျယ်အဝန်း (၁၅ပေx၅၀ပေ) တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော မရွှေ့ပြောင်းနိုင်သော ပစ္စည်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇင်မာလွင် (၁၄/ကလန(နိုင်)၂၀၄၀၃၀)ထံမှ အဆိုပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ပေးကတိစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေစန္ဒာယမုံအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၇၇)**
**အမှတ်(၁)မြေညီထပ်၊ အင်္ဂပူလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၄၀၀၂၈၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၈၀၈၇၀ Honda Click M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေရည်မြင့်မိုရ် ၅/ဒပယ(နိုင်)၁၆၀၇၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

# ရဟန်း၊ သိမ် ၊ ကျောင်း ဒါယကာကြီး ဦးထွန်းခင် အသက် (၈၀)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ စစ်ကိုင်း(၂)လမ်း၊ အမှတ်(၅၀၃၀)နေ (ဦးပွကြီး-ဒေါ်ကြွေ) တို့၏သား၊ ဒုတိယဗိုလ်မှူးကြီး ဟန်ထွန်းအောင်-ဒေါ်အေးအေးနှင်း၊ ဦးတင်ထွဋ်လွင်(Golden Land Co.Ltd Yangon)-ဒေါ်အေးအေးမူ၊ ဦးစည်သူဝင်း(GM, Golden Mountain Co.Ltd နေပြည်တော်ရုံးခွဲ)-ဒေါ်ယဉ်ယဉ်အေး၊ ဒေါ်အိအိခင် (အလယ်တန်းပြ၊ မူလွန် အေးမြင့်သာယာ-နေပြည်တော်)၊ ဒေါ်နှင်းသန္တာထွန်း တို့၏ဖခင်၊ မကြည်စင်ဝင့်ဝါ၊ မပိုးမြတ်ထက် တို့၏အဘိုး၊ (ဒေါ်ခင်ရွှေ)၏ခင်ပွန်း ဦးထွန်းခင်(လေ-၁၂၈၆၉) အရာခံဗိုလ်(ငြိမ်း)သည် ၄-၂-၂၀၂၅ ရက် (အင်္ဂါနေ့)တွင် (၉၆)ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၂၅ရက်၊ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကလောမြို့၊ အမှတ်(၃) ရပ်ကွက်နေ (ဘ)ဦးသန်းလွင်၏သမီး မအိချိုဇင်(ခ) မအိချိုဇင်ဖြိုး (၁၃/ကလန(နိုင်)၀၉၁၅၅၉) မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်မှန်

မိုင်းကိုင်မြို့နယ်၊ အမှတ်(၆) အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ဒုတိယမူလတန်းပြဆရာမ ဒေါ်နန်းစပယ်ဝင်း၏ အမည်မှန်မှာ ဒေါ်စပယ်ဝင်း (၁၃/မကန(နိုင်)၀၁၉၃၄၅) ဖြစ်ပါကြောင်း။

**ဒေါ်စပယ်ဝင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၅)၊ ဦးပိုင်အမှတ်(၆၄)၊ ၈၄ လမ်း x စစ်ကိုင်း-မန္တလေးလမ်းကြား၊ ဦးပွားဂုံးကျော်လမ်း၏ မြောက်ဘက်ရှိ ဦးစိန်ဘူး အမည်ပေါက် ဘိုးဘမြေကွက်အား အဘိုး ဦးစိန်ဘူး၊ အဘွားဒေါ်သီ၊ ဖခင်ဦးစိန်၊ မိခင်ဒေါ်သိန်းတို့ ကွယ်လွန်၍ ကျန်ရစ်သောတစ်ဦးတည်းသောမြေး၊ သမီးဖြစ်သူ ဒေါ်စန်းရီ ၉/မရတ(နိုင်)၀၁၄၀၃၀ က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက် အမှတ်(၄၆)၊ ဦးပိုင်အမှတ် (၆၆-ခ)၊ ၁၂ လမ်း၊ ၇၆ x ၇၇ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးအသားဖာ(ခ)ဦးသန်း ၉/မကန(နိုင်)၀၂၀၇၂၂ က အမှုတွဲအမှတ်၀၇၄၁/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/ခွဲကျန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၀)၊ ဦးပိုင်အမှတ် (၆၄-ဃ)၊ ၂၈ x ၂၉ ကြား၊ ၇၃ x ၇၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ကျော်၊ ဒေါ်ခင်သီရိထွန်းတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၂၀၅/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးပြည့်ဖြိုးတင် ၅/မရန(နိုင်)၂၂၆၉၃၂ က အမှုတွဲအမှတ် ၆၃၂၆/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၄)၊ ဦးပိုင်အမှတ် (၁-ကခဲစင်း)၊ ၄၂ လမ်း၊ ၅၅ x ၅၆ လမ်းကြားရှိ ဂရန်မြေကွက အမည်ပေါက်သူ ဒေါ်ငွေသောင်း၏ (SP ရရှိသူ ဒေါ်ချိုချိုလှိုင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၈၉၃/၂၀၂၁) ဖြင့် ဝယ်ယူခဲ့သူ ဦးရန်ကွယ်ဖန်(ခ)ရန်နေလင်း ၁၃/မဆတ(နိုင်)၀၃၁၉၈၆ က အမှုတွဲအမှတ် ၆၃၂၇/၂၀၂၄-၂၀၂၅ ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃) မဟာအောင်မြေခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆

**ကွယ်လွန်သူ ဦးအမ်ဇော်ယော်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဉ္ဇူလမ်းသွယ်(၂)၊ အမှတ်-၈၆၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအမ်ဇော်ယော်၏ သေတမ်းစာအတည်ပြု သည့်လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်အမာဆန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၉ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအမ်ဇော်ယော်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန်သင့်လျော် မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၉ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ် မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်အမာဆန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သူဇာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မဟာအောင်မြေခရိုင်တရားရုံး**

## အမွေလက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃) အမရပူရခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃

**ကွယ်လွန်သူ ဦးချစ်အေး၌ ကျန်ရစ်သောပစ္စည်းများအကြောင်း**

၁။ ဒေါ်တင်တင်ဝင်း
၂။ ဦးဆန်းဝင်း
၃။ ဒေါ်ကြည်ကြည်ဝင်း
၄။ ဒေါ်တင်တင်လင်း
၅။ ဦးဆန်းလင်း
၆။ ဦးဆန်းမင်း **လျှောက်ထားသူများ**

အမရပူရမြို့၊ မှန်တန်းရပ်ကွက်၊ မြေပဲတန်းရပ်နေ (၁) ဒေါ်တင်တင်ဝင်း၊ (၂) ဦးဆန်းဝင်း၊ (၃) ဒေါ်ကြည်ကြည်ဝင်း၊ (၄) ဒေါ်တင်တင်လင်း၊ (၅) ဦးဆန်းလင်း၊ (၆) ဦးဆန်းမင်းတို့က ကွယ်လွန်သူ ဦးချစ်အေး၏ တူ/တူမဝမ်းကွဲများဖြစ်သည်ဟူ၍ အမရပူရမြို့၊ မှန်တန်းရပ်ကွက်၊ မြေပဲတန်းရပ်နေ ၎င်းကွယ်လွန်သူ ဦးချစ်အေးမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်/အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးချစ်အေးမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၂ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ (၁) ဒေါ်တင်တင်ဝင်း၊ (၂) ဦးဆန်းဝင်း၊ (၃)ဒေါ်ကြည်ကြည်ဝင်း၊ (၄) ဒေါ်တင်တင်လင်း၊ (၅) ဦးဆန်းလင်း၊ (၆) ဦးဆန်းမင်းတို့၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်တွင် ဤတံဆိပ်တုံးရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းယုလွင်)**
**ဒုတိယခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ဒေါ်ဝင်းမေ
## ဆင်းကားစတိုး၊ သန်လျင်
## အသက် (၈၇)နှစ်

သန်လျင်မြို့နေ ကွယ်လွန်သူ ဦးမောင်မြင့် ၏ဇနီး၊ ဦးအောင်ဆန်းထူး-ဒေါ်ဝင်းဝင်းမြင့်၊ ဦးစိန်မင်း-ဒေါ်ခင်ခင်မြင့်၊ ဦးအောင်မျိုးသန်း-ဒေါ်သီသီမြင့်၊ သူရဦးမျိုးတင်-ဒေါ်ရီရီမြင့် တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး (၈) ယောက်တို့၏ အဘွားဖြစ်သူ ဒေါ်ဝင်းမေ အသက် (၈၇)နှစ်သည် ၄-၂-၂၀၂၅ရက်၊ (အင်္ဂါနေ့) နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို သန်လျင်မြို့၊ အမိုးနီသုသာန်သို့ ၆-၂-၂၀၂၅ ရက်၊ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား ညှိုးငယ်စွာ အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာခင်နွဲ့နွဲ့ဇော်
## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ (ဦးငွေ-ဒေါ်လှသီ)တို့၏သမီး၊ (ဦးခိုင်-ဒေါ်အေးစိန်)တို့၏သမီးချွေးမ၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာ ခင်ဇော်၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာ သန့်ဇော်လင်း-ဒေါက်တာ ယုဇနခင်ဇော်နှင့် ဒေါက်တာ ရှိန်းဇော်ဟိန်း-မယုဇနမြင့်ဌေးတို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွား ဒေါက်တာခင်နွဲ့နွဲ့ဇော် သည် ၃၁-၁-၂၀၂၅ ရက်(သောကြာနေ့)ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၂၅ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးညာတိ၊ ဆရာတပည့် အပေါင်းတို့အား စိတ်နှလုံးညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ပညာစိုးစံကိုယ်ပိုင်အထက်တန်းကျောင်း Grade-8 အတန်းမှ ကျောင်းသား မောင်နေတိုး ၈/ရစက(နိုင်)၂၇၆၀၆၂ ၏ ဖခင် ဦးနေလင်း၏အမည်မှန်မှာ ဦးဖိုးပေါက် ၈/ရစက(နိုင်) ၁၅၇၄၈၁ ဖြစ်ပါကြောင်း။

**ဦးဖိုးပေါက်**

## ပတ်စ်ပို့ပျောက်

ဖားကန့်မြို့၊ ငှက်ပျောတောရပ်ကွက်နေ (ဘ)ဦးကျော်စိန် ၏သား ဦးကျော်စိုး (၁/မကန(နိုင်)၀၃၃၀၇၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-052940)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၉၁၆၂၈၂၂**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းသိန်း
## အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ(ဦးရှိန်တက်-ဒေါ်သန်းသန်း)တို့၏သမီး၊ ဦးအောင်သိန်း၏အစ်မ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြစံပယ်လမ်း၊ ပါရမီရိပ်သာ၊ အမှတ်(၂၂)နေ (ဦးသိန်းထွန်း)၏ဇနီး၊ ဒေါ်တင်သိန်းမြင့်-ဦးသော်ဇင်၊ ဦးကျော်တင့်၊ ဦးထွန်းအောင်ကျော်-ဒေါ်ဘက်တီဆင်၊ ဦးမြင့်သိန်း-ဒေါ်မြသန္တာအောင်၊ ဦးကိုကိုမောင်-ဒေါ်အိအိထွေး၊ ပါမောက္ခ ဒေါက်တာမိုးသီတာထွေး-ဦးဉာဏ်မြင့်ဆွေတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး (၁၂) ယောက်၊ မြစ် (၆)ယောက်တို့၏ အဘွားသည် ၃-၂-၂၀၂၅ရက် (တနင်္လာနေ့)ည၁၀:၃၀နာရီတွင်ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၅-၂-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၁၁) နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပတ်စ်ပို့ပျောက်

မစုမြတ်ဝင်း၁၄/ဘကလ(နိုင်)၃၆၉၆၀၅၏ ပတ်စ်ပို့နံပါတ် MG-148905 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၈၈၄၇၈၇**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၉)၊ အောင်ချမ်းသာ (၇) လမ်းနေ ဒေါ်မိုးမိုးခိုင် ၉/မထလ(နိုင်) ၂၂၆၁၁၆မှ (အလျား ၂၀'-၀" x အနံ ၂၅'-၀")Steel Structure(၁)ထပ် သွပ်မိုးအဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါ သည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင် တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်**
**စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ နယ်မြေ(၄)၊ ဦးလှမောင်လမ်းနေ ဦးမင်းအောင် ၉/ကပတ(နိုင်)၁၅၉၃၂၉မှ (အလျား ၁၅'-၀"x အနံ ၁၅'-၀") ထရံကာ(၂)ထပ် သွပ်မိုး အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်းခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင် တွေ့ဆုံ တင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်၊**
**စည်ပင်သာယာရေးအဖွဲ့**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်း ၂၀)
### စစ်တွေမြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁

ဒုတိယအရာခံဗိုလ် ဖြိုးအာကာနိုင် **နှင့်** ဒေါ်ခင်ခင်စိုး
**တရားလို** **တရားပြိုင်**

စစ်တွေမြို့၊ အောင်မင်္ဂလာမြောက်ရပ်ကွက်၊ အမှတ်(၂)ရွာလယ်လမ်း၊ အမှတ်(၄၇၈)နေ (ဘ) ဦးမောင်စော၏ သမီးဒေါ်ခင်ခင်စိုး ၁၁/မပန(နိုင်) ၀၄၃၉၀၈ (ယခုနေရပ်လိပ်စာမသိသူ) အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်(၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဦးကျော်မြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**စစ်တွေမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 4P/7788, Ford Ranger ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကွမ်းကြိန်း ၁၃/ဟမတ(နိုင်)၀၁၀၆၉၃က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 5Q/6645, Suzuki Ertiga ယာဉ်အမည်ပေါက်သူ ဦးစိုင်းလှမောင် ၁၃/လခန(နိုင်)၀၂၀၇၉၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ဒေါ်လှမြတ်သူ(ခ)ဒေါ်မာမာ
## အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ အိမ်အမှတ်(၂၇)၊ ဦးရွှေဝွန်းလမ်းနေ (ဦးဖံဝင်း-ဒေါ်တင်တင်ဦး)တို့သမီးကြီး၊ ဦးထွန်းအောင်ကျော်၏ညီမ၊ ဦးသိန်းအောင်-(ဒေါ်လှမြတ်မော်)၊ ဒေါ်နန္ဒာသိင်္ဂီ၊ ဒေါ်စံစံဝင်း (မြဝတီဘဏ်)တို့၏ အစ်မကြီး၊ တူ၊တူမ(၅)ယောက်တို့၏အဒေါ်သည် ၃-၂-၂၀၂၅ရက်၊ (တနင်္လာနေ့)၊ ညနေ (၆:၁၀)နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၅-၂-၂၀၂၅ရက်၊ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပြီး ကွယ်လွန်သူအားရည်းစူး၍ ၉-၂-၂၀၂၅ရက် (တနင်္ဂနွေနေ့)နံနက်(၇:၀၀)နာရီမှ ၁၀:၃၀ နာရီအထိ ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ခဲဖွယ်အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက်(၁၀:၃၀)နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-ဒရပ်ကွက်၊ အကွက်အမှတ် (ခ-၇)၊ ဦးပိုင်အမှတ် ၄၂+၄၃အတွင်းမှ ခဲစင်းပြ(၄၂) ခဲစင်း၊ ၆၇လမ်း၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဌေးအောင် ၉/မရတ(နိုင်) ၀၄၄၇၉၅က အမှုတွဲအမှတ် (၆၃၄၇/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်း ရပ်ကွက်၊ ၁၂၇လမ်း၊ အမှတ်(၁၈)၊ ၃-လွှာ(အေ)ခန်းနေ ဒေါ်မော်မော်အောင် ၁၂/ မဂတ(နိုင်) ၀၁၅၃၃၃၏သားဖြစ်သူ မောင်အောင်မျိုးဟိန်း ၁၂/မဂတ(နိုင်) ၀၉၄၇၁၂ သည် မိခင်ဖြစ်သူ၏ဆိုဆုံးမမှုကို လုံးဝမလိုက်နာသည့်အပြင် မိခင်ကို တစ်ခါတစ်ရံ ရန်မူခြင်းနှင့် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေသဖြင့် မိခင်ဖြစ်သူ ဒေါ်မော်မော်အောင်က သားဖြစ်သူ မောင်အောင်မျိုးဟိန်းအား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ထို့ကြောင့် မောင်အောင်မျိုးဟိန်းနှင့်ပတ်သက်၍ မိခင်ဖြစ်သူ ဒေါ်မော်မော်အောင်အနေဖြင့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မော်မော်အောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်လွင် B.Com(A.A),D.E.P;RL**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၅၉)**
**အမှတ်-၁၉၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၁၂၄၁၄၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၁)လမ်း၊ တိုက်အမှတ်(၁၀၂/၁၀၄)၊ (၃-လွှာ)၊ (တိုက်ကိုမျက်နှာမူလျှင်-လက်ယာခန်း)၊ အလျားx အနံ(၁၂ ၁/၂' x ၅၀') အကျယ်အဝန်းရှိ လူနေထိုင်ရန်အသင့်ရှိသည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးရန်နိုင်(ဘ)ဦးစောနိုင်(၁၁/ဂမသ(နိုင်) ၀၂၃၅၉၃) ထံမှ (၃၀-၇-၂၀၂၄)ရက်စွဲပါ နှစ်ဦး သဘောတူတိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်အရ တရားဝင်ပိုင်ဆိုင်၍ လက်ဝယ်ထားရှိပြီး လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဒေါ်ဝင်းရွှေ (၁၂/လသန(နိုင်) ၀၀၄၁၆၄)မှ ဝယ်ယူရန်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေခိုင်သွယ် (LL.B, D.B.L, D.I.L, D.M.L, C.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၁၆)**
**အမှတ်(၈၇)၊ သုနန္ဒာ(၂)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၅၈၁၂၈၈၂၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၄၂)၊ ၅၇လမ်း၊ ၄၀x၄၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လီဟွေလန့် ၁၃/လရန(နိုင်) ၁၁၇၂၄၅ က အမှုတွဲအမှတ် (၆၃၄၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ကွယ်လွန်သူ မိခင်ဒေါ်နန်းစိန်ညို အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသော မိုင်းရှူးခရိုင်၊ ကျေးသီးမြို့၊ ဈေးရပ်ကွက်၊ မိုင်းရယ်လမ်းနှင့် ဟော်လမ်းထောင့်၊ ကွင်း/အကွက်အမှတ် ၁၀/ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ် (၁၉-ခ)၊ ဧရိယာ (၀.၁၄၉)ဧကရှိ အိမ်မြေ၏ မူရင်းဂရန် ပျောက်ဆုံးသွား၍ သက်ဆိုင်ရာဌာနများတွင် မိတ္တူကူးရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ယင်းမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြေညာသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**နန်းခေးလောဝ်**
**ကွယ်လွန်သူ ဒေါ်နန်းစိန်ညို၏သမီးရင်း**
**၁၃/ကသန(နိုင်)၀၀၀၀၂၁**
**အိမ်အမှတ်၊ ဈ ၅၅ မိုင်းရယ်လမ်းနှင့်ဈေးလမ်းထောင့်ဈေးရပ်ကွက်၊**
**ကျေးသီးမြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်လွင်လွင်မော်၏ သမီးဖြစ်သူ မသင်းကြာညို ၁၂/ပဇတ(နိုင်)၀၃၆၉၄၇သည် မိဘတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘတို့အား (၂)နှစ်နီးပါးခန့် အဆက်အသွယ်ဖြတ်၍ လုံးဝခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်ကို ပြုလုပ်သွားသည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင်-ဒေါ်လွင်လွင်မော်**
**၁၂/ဗတထ(နိုင်)၀၁၀၇၈၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ City Loft၊ အခန်းအမျိုးအစား(1 Bedroom)၊ အခန်းအမှတ်(415)၊ တိုက်အမှတ်(A-1)၊ ဧရိယာ(484) စတုရန်းပေကျယ်ဝန်းသော ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်နွှယ်ပတ်သက်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပိုင်ရောင်းချ သူဖြစ်သော ဦးအေးချမ်းသာ(၁၀/မဒန(နိုင်)၁၀၃၇၇၀)မှ မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဟန်(၉/မရတ(နိုင်)၀၅၉၉၉၃)တို့က “နှစ်ဦးသဘောတူကွန်ဒိုတိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ကိုချုပ်ဆို၍ တန်ဖိုးငွေများကို အပြေအကြေပေးချေဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ရောင်းချသူမှလည်း ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ကွန်ဒိုတိုက်ခန်းအား အပြီးအပိုင်လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဟန်ကသာလျှင် ကွန်ဒိုတိုက်ခန်းအား ပိုင်ရှင်အဖြစ်စီမံခန့်ခွဲခွင့်၊ တရားဝင်နေထိုင်ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်းနှင့် ကွန်ဒိုတိုက်ခန်း၏ ပိုင်ရှင်အဖြစ် အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (မြောင်းမြ)(LL.B)(D.B.L)D.M.L)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၄၀၁၀၄၈**

❖ **ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်း နေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။


၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြစ်ကြီးနားမြို့ ရေလယ်ကျွန်းသဲသောင်ခုံပေါ်၌ ဆောင်းခိုငှက်မျိုးစိတ်တစ်မျိုးဖြစ်သည့် တောငန်းခေါင်းကြား ကောင်ရေ ၄၀၀ ကျော် အုပ်စုလိုက် လာရောက်ကျက်စားလျက်ရှိ



**မြစ်ကြီးနား ဖေဖော်ဝါရီ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်အတွင်း ရေလယ်ကျွန်း သဲသောင်ပြင်ပေါ်၌ ဆောင်းခိုငှက် မျိုးစိတ်တစ်မျိုးဖြစ်သည့် တောင်နှင်းခေါင်းကြား (Bar-headed Goose) ကောင်ရေ ၄၀၀ ကျော် ယခင်နှစ် ဒီဇင်ဘာလကုန်ပိုင်းမှ စတင်၍ အုပ်စုလိုက် လာရောက်ကျက်စားလျက်ရှိသည်ကို တွေ့ရှိရသည်။ (ယာပုံ)

ကချင်ပြည်နယ် အတွင်း ဆောင်းခိုငှက်များ လာရောက်မှုကို နှစ်စဉ် ဆောင်းရာသီတွင် အင်းတော်ကြီးအိုင်နှင့် ဆက်စပ် ရေဝပ်ဒေသများတွင် ဆောင်းခိုငှက် မျိုးစိတ်ပေါင်းစုံ

*စာမျက်နှာ ၁၀ ကော်လံ ၁* ■

ယနေ့ *သတင်းအညွှန်း*

**အာဖရိကဦးချိုဒေသ၌ နေရပ်စွန့်ခွာသူ သန်း ၂၀ ကျော်ရှိ**

နိုင်ငံတကာသတင်း စာ ၁၄

**တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၁၅

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၁၀) တွင် ရာသီဝက်ချန်ပီယံအတွက် အရေးပါသည့်ပွဲများ ပါဝင်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၀)ကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီခွဲမှစ၍ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး ရာသီဝက်ချန်ပီယံဆုအတွက် အရေးပါသည့်ပွဲများ ပါဝင်လျက်ရှိသည်။

ပထမအကျော့ပြီးဆုံးရန် ပွဲစဉ်နှစ်ခုသာ ကျန်ရှိတော့ပြီး ဇယားထိပ်ပိုင်းအသင်းအများစု မျှော်လင့်ချက်ရှိနေသော်လည်း ထိပ်ဆုံးသုံးသင်းဖြစ်သည့် TG United အသင်း၊ 7 Dragon အသင်းနှင့် JZ Yangon အသင်းတို့ ပိုမိုအခွင့်အရေးများနေသည်။ ပွဲစဉ် (၁၀) အဖြစ် KKY အသင်းနှင့် 7 Brother အသင်း၊ Maryar အသင်းနှင့် Gold Dream အသင်း၊

*စာမျက်နှာ ၁၀ ကော်လံ ၅* ✪

## ချယ်ဆီးက ဝက်စ်ဟမ်းကိုအနိုင်ယူပြီး အမှတ်ပေးဇယားအဆင့်(၄) တက်လှမ်း

ပရီမီယာလိဂ် ပွဲစဉ် (၂၄) မှ ဖေဖော်ဝါရီ ၄ ရက် နံနက် ၂ နာရီခွဲက စတန်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ချယ်ဆီးနှင့် ဝက်စ်ဟမ်းအသင်းပွဲစဉ်တွင် ချယ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ အမှတ်ပေးဇယား အဆင့်(၄)သို့ တက်လှမ်းနိုင်ခဲ့သည်။

ချယ်ဆီးအသင်းသည် ပြီးခဲ့သည့် ပွဲစဉ်မှ ကစားသမားစာရင်းကို နှစ်ဦးအပြောင်းအလဲပြုလုပ်ကာ ဝက်စ်ဟမ်းအသင်းကို ရင်ဆိုင်လာခဲ့သည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ❖



ချယ်ဆီးကစားသမား ပဲလ်မာ ဝက်စ်ဟမ်းအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။